# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၂) ရက် ၊ စနေနေ့ ၊ (5-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၈၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းလျာထားမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စီမံကိန်းအကွက်ချပုံစံငယ်ကို ကြည့်ရှုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် **Jeng Phang** နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့်တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အနောက်မြောက်ဘက် ၁၇ မိုင်ခန့်အကွာ နဘူးလယ်ဒေသရှိ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းလျာထားမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့်ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးတို့က ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှုများတိုးတက်ရန် နှောင့်နှေးကြန့်ကြာခဲ့ရမှု၊ စီးပွားရေးဇုန်နယ်နိမိတ်အတွင်း တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့်တည်ဆောက်ရန်ကျန် ဆိပ်ခံတံတားများ၊ စက်ရုံများ၊ အဆောက်အအုံများ

**စာမျက်နှာ ၁၉ ကော်လံ ၁** ➾


ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ

ပဗ်ရင်းအရောင်းဌာန-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၀၀၀

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၀၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၃၀၇၇






# လေးမျက်နှာမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**လေးမျက်နှာ နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီမြင့်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီမြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဒေါ်သင်းသင်းလှိုင်နှင့် တာဝန်ရှိသူများက လေးမျက်နှာမြို့နယ် အချုပ်ကလေး(မြောက်)ကျေးရွာနှင့် ညောင်ပိုင်းကျေးရွာတို့၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အရည်အသွေးပြည့်မီစွာဖြင့် ဆောင်ရွက်သွားရန် မှာကြားသည်။

အချုပ်ကလေး (မြောက်) ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(မူလ)ရန်ပုံငွေ ကျပ် ၁၆ ဒသမ ၄၉ သန်းဖြင့် အနက်ပေ ၄၀၀ ရှိ လေးလက်မ စက်ရေတွင်း (တွင်းနက်)တူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် ခြံစည်းရိုး Chain Link ကာရံခြင်း လုပ်ငန်းများကို အောင်ကမ္ဘာကုမ္ပဏီက ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ ညောင်ပိုင်းကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်း (မူလ) ရန်ပုံငွေကျပ် ၁၂ ဒသမ ၂၄ သန်းဖြင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို အောင်ကမ္ဘာကုမ္ပဏီက ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၂၅၅ အိမ်၊ လူဦးရေ ၁၁၀၀ ကျော်အတွက် အကျိုးပြုသွားမည်ဖြစ်ကြောင်း ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီမြင့်က ပြောပြ၍ သိရသည်။ **အေးသူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဓော်ကိုင်းမြို့ ဓယျာတိုးရှဲ့ရပ်နေ အလှူရှင် ဦးကျော်သန်း-ဒေါ်နွဲ့မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိက ဓဇဂရိတ် ဦးမြဝင်း၊ ဒုတိယဆေးရုံအုပ် ဒေါက်တာရီရီမြင့်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၁ ရက်ထိ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ စက်မှုကုန်ချောတင်ပို့မှုမှ ပို့ကုန်ဝင်ငွေကန်ဒေါ်လာ ၆ ဒသမ ၄၉ ဘီလီယံ ရရှိ



**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၁ ရက်ထိ ကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ စက်မှုကုန်ချောတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၉ ဘီလီယံ ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းအောင်အေးထံမှ သိရသည်။

ထိုသို့ မြန်မာနိုင်ငံမှ စက်မှုကုန်ချောပစ္စည်းများ နိုင်ငံတကာသို့ တင်ပို့နိုင်ရာတွင် နိုင်ငံပိုင်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၂ ဘီလီယံ ရရှိထားပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇ ဘီလီယံရရှိထားကြောင်း သိရသည်။

"အခု ဘဏ္ဍာနှစ် ဧပြီ ၁ ကနေ အောက်တိုဘာ ၂၁ ရက်ထိ ကာလအတွင်းမှာ CMP လက်ခစား ချုပ်ပြီးအထည် အပါအဝင် စက်မှုကုန်ချောပစ္စည်း ပြည်ပတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၉ ဘီလီယံ ပို့ကုန်ဝင်ငွေ ရရှိထားပါတယ်။ ဒီကာလအတွင်းမှာ နိုင်ငံပိုင် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၂ ဘီလီယံ ရရှိထားတာဖြစ်ပြီး ပုဂ္ဂလိကပိုင် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇ ဘီလီယံကျော် ရရှိထားတာဖြစ်ပါတယ်"ဟု ဦးမင်းအောင်အေးက ပြောပြသည်။

မြန်မာနိုင်ငံမှတင်ပို့နေသည့် စက်မှုကုန်ချောပစ္စည်းအုပ်စုတွင် CMP လက်ခစားချုပ်ပြီးအထည်၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့၊ သကြားနှင့် အခြားစက်မှုကုန်ချောပစ္စည်းများ ပါဝင်ကာ မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များတွင် CMP ချုပ်ပြီးအထည်တင်ပို့မှုသည် ပထမနေရာ၌ ရှိနေပြီး ဒုတိယနေရာမှာ သဘာဝဓာတ်ငွေ့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကသွင်းကုန်များတွင် ရေနံထွက်ပစ္စည်းတင်သွင်းမှုက ပထမနေရာ၌ရှိနေပြီး ဒုတိယနေရာတွင် ချည်မျှင်နှင့် အထည်အလိပ်တင်သွင်းမှု ရှိနေကြောင်း သိရသည်။ ASH

# ရွှေတောင်မြို့နယ် မအူတိုင်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကျင်းပ

**ရွှေတောင် နိုဝင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ထန်းကုန်းကျေးရွာအုပ်စု မအူတိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသူက သင်တန်းဖွင့်လှစ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာမက သင်တန်းတွင်လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ရွှေတောင်မြို့နယ် ထန်းကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသူစုစုပေါင်း ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် လုံချည်ပတ်လည်ဒေါက်ချုပ်နည်း၊ ဘောင်းဘီချုပ်နည်း၊ မိန်းမဝတ်အင်္ကျီချုပ်နည်း၊ ချိတ်စကပ်ချုပ်နည်း၊ မိန်းမဝတ် ခါးတိုရင်ဖုံးအင်္ကျီချုပ်နည်း အစရှိသော ဘာသာရပ်များကို သင်တန်းနည်းပြဆရာမက စာတွေ့၊လက်တွေ့ဖြင့် ယနေ့မှ ဒီဇင်ဘာ ၃ ရက်ထိ ရက် ၃၀ ကြာ အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသူက ပြောပြ၍ သိရသည်။

**သုတ**

# တောင်ကြီးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်လှစ်

**တောင်ကြီး နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဝင် ကျေးရွာငါးရွာမှ ကော်မတီဝင်များအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက အမှာစကားပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP)နှင့်ပတ်သက်သည့် သင်ခန်းစာများ၊ စီမံကိန်းရေးဆွဲနည်း သင်ခန်းစာများကို သင်ကြားပို့ချသည်။

အဆိုပါသင်တန်းသို့ တောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ထပ်တိုး အကောင်အထည်ဖော်ဆောင်ရွက်မည့် နောင်ပနားဗွါကျေးရွာ၊ လုံးတိုင်ကျေးရွာ၊ကုန်းသာကျေးရွာ၊ တောင်လေးလုံးကျေးရွာနှင့် ပင်တွန်ရွာကြီးကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျေးရွာသယံဇာတပြမြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြပြက္ခဒိန် ရေးဆွဲနည်း၊ နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ်နှင့် ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ နိုဝင်ဘာ ၈ ရက်ထိ ငါးရက်ကြာ အခမဲ့သင်ကြားပို့ချမည်ဖြစ်ကြောင်း တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**



# ကံကောင်းခြင်းဟူသည်

**မြင်းခြံကျော်အောင်**

**"အကြင်ပုဂ္ဂိုလ်သည် ကောင်းမှုကုသိုလ်တရား၌ လိမ္မာ၏၊ လုံ့လဝီရိယရှိ၏၊ ထိုသူအား ကံ၏အကျိုးသည်ပြည့်စုံ၏" မြတ်ဗုဒ္ဓ**

လူတိုင်းကံကောင်းချင်ကြသည်။ ကံဆိုးမိုးမှောင်ကျသည်ကို လူတိုင်းမလိုလားကြပေ။ သို့သော် ယနေ့ကာလကြီးတွင် ကံကောင်းစေရန် လုပ်ကိုင်ကြသူများက နည်းနေသည်ဟုဆိုလျှင် စာဖတ်သူတချို့လက်ခံချင်မှလက်ခံကြပေမည်။ အဘယ်ကြောင့်ဆိုလျှင် ကောင်းမှုပြုသူများ အများအပြားရှိသကဲ့သို့ ကောင်းမှုပြုပြီး ကံကောင်းနေသူများ၊ အကုသိုလ်အမှုပြုသူများ၊ မကောင်းမှုပြုပြီး ကံဆိုးနေသူများလည်းရှိနေသောကြောင့်ဖြစ်သည်။ ဤသည်ကို လူသတ်မှုကျူးလွန်ခြင်း၊ သူတစ်ပါးဥစ္စာခိုးယူခြင်း၊ ကာမဂုဏ်၌ လွန်ကြူးခြင်း၊ မုသားပြောဆိုခြင်းနှင့် အရက်သေစာ မူးယစ်ဆေးဝါးအသောက်အစားလွန်ကဲခြင်းများက သက်သေပြနေပေသည်။

ကောင်းမှုကိုလုံ့လဝီရိယဖြင့် ပြုသဖြင့် ကောင်းကျိုးခံစားရသော ကံကောင်းသွားသူတစ်ဦး မြတ်ဗုဒ္ဓလက်ထက်က ရှိခဲ့သည်။ ထိုသူကား သာမန်လူ၊ ဆင်းရဲသားလယ်သူမလေးတစ်ဦးဖြစ်သည်။

အခါတစ်ပါးတွင် လယ်သူမသည် နံနက်စောစောလယ်ယာလုပ်ငန်းခွင်သို့ သွားခဲ့သည်။ ထိုစဉ်ခပ်လှမ်းလှမ်းတွင် ရဟန်းတစ်ပါးကြွလာသည်ကို သူဖူးမြင်ရသည်။ ထိုအခါသူ့စိတ်ဝယ် ပစ္စည်းတစ်စုံတစ်ရာလှူဒါန်းလိုစိတ်ဖြစ်ပေါ်ခဲ့သည်။ သို့သော် သူ့မှာလက်ဗလာဖြစ်သည်။ ထိုအခါစိတ်အားထက်သန်လှသဖြင့် ပတ်ဝန်းကျင်တွင် လှူ၍ရမည့်ပစ္စည်းကိုရှာဖွေသည်။ ကန်သင်းရိုးပေါ်တွင် ခဝဲပွင့်များပွင့်နေသည်ကို တွေ့မြင်ပြီး ခဝဲပွင့်လည်းလှူ၍ရသည်ဟု စိတ်ဝယ်ထင်ခဲ့သည်။ သို့ဖြင့် ခဝဲပွင့်များခူးပြီး ကြွလာသောရဟန်းအား လှူဒါန်းခဲ့သည်။ အလှူခံပြီးနောက် ရဟန်းသည် ဈာန်ဖြင့်ကြွသွားသည်ကို လယ်သူမမြင်ရသည်။ ထိုအခါ ခဝဲပွင့်လှူဒါန်းလိုက်သည့်ရဟန်းသည် အလွန်မြင့်မြတ်သည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရကာ အထူးဝမ်းသာပီတိဖြစ်သည်။ ကုသိုလ်အားပွားခဲ့သည်။ လယ်သူမကွယ်လွန်သွားသောအခါ နတ်ပြည်တွင် နတ်သမီးဖြစ်ပြီး လွန်စွာခမ်းနားသော ဗိမာန်ကြီးဖြင့် စံစားရပေတော့သည်။

အလှူခံပုဂ္ဂိုလ်မှာ ပစ္စေကဗုဒ္ဓါဖြစ်သည်။ တရားရှုမှတ်ပြီး နိုးထလာချိန်တွင် လယ်သူမလှူဒါန်းခွင့်ရရှိသဖြင့် နတ်ပြည်တွင်စံစားရသည်။

ရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော်ကြီး နတ်ပြည်ကြွသွားသောအခါ ထိုခမ်းနားသည့်ဗိမာန်ကြီးကို တွေ့မြင်ခဲ့သည်။ အကျိုးဆက်ကို နတ်သမီးထံစုံစမ်းသောအခါ နတ်သမီးကရှက်စနိုးဖြင့် ခဝဲပွင့်လှူဒါန်းရသောအကျိုးကြောင့်ဖြစ်ကြောင်း လျှောက်ထားခဲ့သည်။ ကုသိုလ်ဖန်ဗိမာန်အသင့်ဘုံအသင့်ဖြစ်ခဲ့ရသည်။ ဤဖြစ်စဉ်ကို စာရေးသူ ဗုဒ္ဓဝင်ကျမ်းများတွင် ဖတ်ရသည်။

ဆိုလိုရင်းမှာ ကံကောင်းလိုလျှင် လှူဒါန်းပါဟူသောတရားဖြစ်သည်။ မြတ်ဗုဒ္ဓကလည်း ကံကောင်းလိုလျှင်၊ အကျိုးပေးကောင်းလိုလျှင် ကောင်းမှုကုသိုလ်ကို ဝီရိယဖြင့်ပြုလုပ်ပါ ကံအကျိုးပေးကောင်းသည်ဟု ဟောကြားထားသည်။

ကံဟူသည် ကိုယ်၊ နှုတ်၊ စိတ်တစ်ခုခုဖြင့် ပြုလုပ်သောအမှုဖြစ်သည်။ အခြားတစ်နည်းမှာ ကောင်းကျိုးမကောင်းကျိုးကိုဖြစ်စေသော အကြောင်းဖြစ်ပေသည်။ ကောင်းကျိုးပြုလျှင်ကောင်းသောကံ၊ မကောင်းကျိုးပြုလျှင် မကောင်းသောကံ မိမိထံလာပါမည်။ ကောင်းသောကုသိုလ်တရား၏အချုပ်မှာ ဒါန၊ သီလ၊ ဘာဝနာဖြစ်သည်။

**ဒါနပေးကမ်းလှူဒါန်းခြင်း**

ဒါနပြုရာတွင် အကျိုးပေးကောင်းစေရန်၊ ကံကောင်းစေရန်အတွက် အလှူခံပုဂ္ဂိုလ်နှင့် လှူဒါန်းသူ ပြည့်စုံရမည့်အချက်များရှိပေသည်။

လှူဒါန်းသူတွင် ပြည့်စုံရမည့်အချက်မှာ သုံးချက်ရှိသည်။ ထိုသုံးချက်မှာ ပုဗ္ဗစေတနာ မလှူမီကပင်ကြိုတင်၍ စေတနာထက်သန်မှုနှင့် ပြည့်စုံရမည်။ မုဥ္စစေတနာ လှူဒါန်းဆဲခဏ၌လည်း စေတနာသဒ္ဓါတရားထက်သန်ရမည်။ အပရစေတနာ လှူဒါန်းပြီးနောက်တွင်လည်း မိမိအလှူကို သတိရ၍ ဝမ်းမြောက်မှုရှိရမည်။

**❖ မြတ်ဗုဒ္ဓကလည်း ကံကောင်းလိုလျှင်၊ အကျိုးပေးကောင်းလိုလျှင် ကောင်းမှုကုသိုလ်ကို ဝီရိယဖြင့်ပြုလုပ်ပါ ကံအကျိုးပေးကောင်းသည်ဟု ဟောကြားထားသည်။ ကံဟူသည် ကိုယ်၊ နှုတ်၊ စိတ်တစ်ခုခုဖြင့် ပြုလုပ်သောအမှုဖြစ်သည်။ အခြားတစ်နည်းမှာ ကောင်းကျိုး မကောင်းကျိုးကိုဖြစ်စေသော အကြောင်းဖြစ်ပေသည်။ ကောင်းကျိုးပြုလျှင် ကောင်းသောကံ၊ မကောင်းကျိုးပြုလျှင် မကောင်းသောကံ မိမိထံလာပါမည်။ ကောင်းသောကုသိုလ်တရား၏အချုပ်မှာ ဒါန၊ သီလ၊ ဘာဝနာဖြစ်သည်။ ❖**

ထိုသို့ အလှူခံပုဂ္ဂိုလ်ပြည့်စုံရမည့်အချက်များနှင့် အလှူပေးသူပြည့်စုံရမည့်အချက်များ ပြည့်စုံနေပါလျှင် ကုသိုလ်ကောင်းမှု၏ အကျိုးပေးသည် အထူးကြီးမားရပေတော့သည်။ ညောင်စေ့မျှလှူသော်လည်း ညောင်ပင်ကြီးတစ်မျှ အကျိုးတရားခံစားရမည်။ စေတနာညံ့လျှင်၊ စေတနာဆိုးနှင့်လှူလျှင် ညောင်ပင်ကြီးမျှလှူသော်လည်း ညောင်စေ့မျှပင် အကျိုးခံစားရမည်။

**သီလနှင့်ဘာဝနာ**

အလှူပေးသူသည် မေတ္တာစိတ်ရှိသူ၊ စိတ်ကောင်းစိတ်မြတ်ရှိသူပင်ဖြစ်သည်။ ထို့ပြင် ထိုသူသည် သီလနှင့်လည်း ပြည့်စုံသူဖြစ်သည်။ သီလနှင့်ပြည့်စုံသူသည် ကံကောင်းသူဖြစ်သည်။ ယနေ့ခေတ်တွင် သီလနှင့်မပြည့်စုံသဖြင့် ကံညံ့နေသူများ၊ ကံဆိုးနှင့်ကြုံရဆုံရဖြစ်နေသူများကို စာဖတ်သူများသိရှိပြီးဖြစ်သည်။

ထိုသူတို့ကား သူတစ်ပါးအသက်ကို မသေသေအောင်သတ်သူ ပါဏာတိပါတကံကျူးလွန်သဖြင့် သေဒဏ်စီရင်ခြင်းခံရသူများ ဖြစ်ခဲ့ရသည်။ သူတစ်ပါးအသက်ကို သတ်သဖြင့် ထောင်ဒဏ်နှစ်ရှည်ချခံရသူများရှိခဲ့သည်။ အမှုမှန်မပေါ်ပေါက်သော်လည်း မိမိကိုယ်ကိုသိပြီး စိတ်ဒုက္ခခံစားနေရသူများရှိခဲ့သည်။ အခြားသောကံလေးပါးကို မစောင့်ထိန်းသဖြင့် အကုသိုလ်အကျိုးပေးခံရကာ ကိုယ်စိတ်ဒုက္ခရောက်နေရသူများလည်း အများအပြားပင်။ ကံဆိုးနှင့်ကြုံနေရသူများလည်း အမြောက်အမြားပင်ရှိကြသည်။

ကံကောင်းချင်လျှင် ကိုယ်ကျင့်သီလကိုစောင့်ထိန်းရမည်။ ကိုယ်ကျင့်သီလ မစောင့်ထိန်းသူများနှင့်လည်း မပေါင်းသင်းရပါ။

ဘာဝနာ၏အကျိုးကား နိဗ္ဗာန်မျက်မှောက်ပြုရခြင်းဖြစ်သည်။ ကမ္မဋ္ဌာန်းထိုင်ခြင်း၊ ပုတီးစိပ်ခြင်းစသည့် အမှုများပြုလျှင် ယခုဘဝတွင်လည်း ကုသိုလ်ကံအကြောင်းကောင်းမည်။ နောင်ဘဝတွင်လည်း နိဗ္ဗာန်ရောက်ကြောင်းတရားများရရှိကာ နိဗ္ဗာန်ရောက်မည်။ ကိုယ်တိုင်မကျင့်ကြံနိုင်သည့်တိုင်ပင် အကျိုးထူးများပေးသည်။

ရှေးသရောအခါက လင်းနို့ငါးရာသည် မိမိတို့နေထိုင်ရာဂူတွင် သီတင်းသုံးသောရဟန်းတော်များ၏ တရားဘာဝနာပွားများမှုကို နာကြားရသဖြင့် ထိုလင်းနို့များသေဆုံးသွားသောအခါ လူအဖြစ်ရရှိကာ ရဟန်းငါးရာဖြစ်ရပြီး နိဗ္ဗာန်သောင်ကမ်းတက်လှမ်းခွင့်ရရှိခဲ့သည်။ ဤသည်ကား ဘာဝနာ၏အကျိုးပေးကောင်းကျိုးပေး ကောင်းကံပင်ဖြစ်ပေသည်။ ထို့ကြောင့် ဒါန၊ သီလ၊ ဘာဝနာကို လုံ့လပြုပါလျှင် ကံအကျိုးပေးကောင်းမည်မှာ မုချဖြစ်သည်။ ဘာသာတရားအရ ကံကောင်းနည်းများပြောပြီးနောက် လူမှုရေးအရ ကံကောင်းနည်းများကို ဆက်လက်ပြောပါမည်။

**အလုပ်ကောင်းသူ ကံကောင်းမည်**

လူတို့သည် အချိန်တိုင်း အလုပ်နှင့်မကင်းကြပါ။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးရှိရာတွင် တစ်ချိန်ချိန်၌ အလုပ်တစ်ခုကိုမူ လုပ်နေကြသည်။ ဤသို့လုပ်ကြရာတွင် အလုပ်သုံးမျိုးနှင့် ဆက်စပ်လျက်ရှိသည်။ ပထမတစ်မျိုးမှာ ကောင်းသောအလုပ်၊ ဒုတိယတစ်မျိုးမှာ မကောင်းသောအလုပ်၊ တတိယတစ်မျိုးမှာ ကောင်းသည်လည်းမဟုတ်၊ မကောင်းသည်လည်းမဟုတ်သော သာမန်အလုပ်များဖြစ်ကြသည်။ တတိယအလုပ်လုပ်ခြင်းကြောင့် ကောင်းကျိုးလည်းမခံစားရ ဆိုးကျိုးလည်း မခံစားရပါ။

အမှန်တကယ်လုပ်သင့်သောအလုပ်မှာ ကောင်းကျိုးတရားများ ခံစားရသောအလုပ်သာဖြစ်ပေသည်။ ထိုကောင်းသောအလုပ်လုပ်သူကို အလုပ်ကောင်းလုပ်သူဟုခေါ်ပေသည်။ ထိုသူကံကောင်းမည်။ ကောင်းသောအလုပ်များတွင်လည်း သုံးပိုင်းကွဲပြားသွားသည်။ ဤသည်တို့ကား ကိုယ်ကာယဖြင့် ကောင်းစွာပြုလုပ်ခြင်း၊ နှုတ်ထွက်စကားဖြင့် ကောင်းသောစကားပြောခြင်းနှင့် စိတ်ဖြင့်ကောင်းစွာကြံစည်စီမံဖန်တီးတီထွင်ခြင်းတို့ဖြစ်ကြပေသည်။

ကောင်းသောကာယကံမှု၊ ကောင်းသောဝစီကံမှုနှင့် ကောင်းသော မနောကံမှုများပြုနိုင်ကြစေရန် လုံ့လဝီရိယသည် အခရာဖြစ်ပေသည်။ အတတ်ပညာ၊ အသိပညာများ၌ ကျွမ်းကျင်စေရန်မှာ ဝီရိယကိုအရင်းခံပြီး ဆောင်ရွက်ရသည်။ သို့မှအလုပ်ကောင်းပြီး လုပ်ငန်းအောင်မြင်မည်ဖြစ်သည်။ သို့မှသာ ထိုသူသည် ပစ္စည်းဥစ္စာကြွယ်ဝမည်ဖြစ်သည်။ ရာထူးဌာနန္တရ တိုးတက်မည်ဖြစ်သည်။ ထို့ကြောင့် **"လုံ့လဝီရိယရှိခြင်းသည် ကံကောင်းခြင်း၏မိခင်"**ဟု တရုတ်စကားပုံက ဆိုထားသည်။

ကောင်းသောနှုတ်ထွက်စကားသည်လည်း ကံကောင်းခြင်း၏ အဓိကအချက်များတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ **"နှုတ်ကြောင့်သေ လက်ကြောင့်ကြေ"**ဟူသော မြန်မာဆိုရိုးစကားရှိသည်။ ကိုယ်လက်မစောင့်စည်းမှုကြောင့် အနာတရဒဏ်ရာရရုံသာဖြစ်သော်လည်း နှုတ်မစောင့်စည်းမှုကြောင့်ကား သေကျေပျက်စီးသည်ထိ ဖြစ်ရတတ်သည်။ ထို့ကြောင့် နှုတ်ထွက်စကားမကောင်းလျှင် ကံညံ့တတ်၊ ကံဆိုးနှင့်ရင်ဆိုင်ရတတ်ပေသည်။

**"နှုတ်ချိုသျှိုတစ်ပါး"**ဟူသော စကားလည်းရှိသည်။ ချိုသာစွာပြောဆိုခြင်းသည် အရေးကိစ္စများကို အောင်မြင်ပြီးမြောက်စေသည်။ အောင်မြင်ပြီးမြောက်ခြင်းသည် ကံကောင်းခြင်းကိုဖြစ်စေသည်။ ထို့ပြင် အောင်မြင်သဖြင့် ပျော်ရသည်။ ဝင်ငွေတိုးသည်။ ရာထူးတက်သည်။ မနောကံကောင်းခြင်းသည် ကာယကံနှင့် ဝစီကံကောင်းခြင်း၏ ရေသောက်မြစ်ဖြစ်သည်။ စိတ်သည် ခန္ဓာကိုယ်ကိုဦးဆောင်သည်။ စိတ်ကောင်းရှိလျှင် ကာယကံမှုနှင့် ဝစီကံမှုများလည်း ကောင်းသည်။ မနောကံမှု၏အချုပ်မှာ မေတ္တာစိတ်ဖြစ်သည်။ မေတ္တာစိတ်ထုံမွမ်းပြီး ပြုသမျှသည် ကောင်းမှုများပင်ဖြစ်သည်။ ကောင်းမှု၏အကျိုးဆက်ကား ကံကောင်းခြင်းဖြစ်သည်။ စိတ်ယုတ်စိတ်ညံ့များဖြင့်ဆောင်ရွက်လျှင် ကာယကံမှုလည်း မကောင်းပါ။ ဝစီကံမှုလည်းမကောင်းပါ။ အကျိုးဆက်ကား ကံညံ့သူများဖြစ်ရပေတော့သည်။ ထို့ကြောင့် အစဉ်ကံကောင်းကြစေရန် မိမိပြုမူသည့် အပြုအမူများ ကောင်းကြရမည်ဟု သုံးသပ်မိသည်။

**အကောင်းဆုံးဆောင်ရွက်နိုင်သူ ကံကောင်းမည်**

လုပ်ငန်းများ လုပ်ကိုင်သူတိုင်း အကောင်းဆုံးဆောင်ရွက်နိုင်သူများ မဟုတ်ကြပေ။ ထို့ကြောင့် လူတိုင်း ကံမကောင်းနိုင်။ အလုပ်တစ်ခုတွင် လက်ရာမသေသပ်ခြင်း၊ စေတနာနည်းခြင်း၊ ဝီရိယနည်းခြင်း၊ အနစ်နာမခံခြင်း စသည်များ ပေါင်းစပ်လိုက်သောအခါ ထိုသူတို့မှာ အလုပ်လက်မဲ့ဖြစ်ကြရသည်။

ထို့ကြောင့် အကောင်းဆုံးဆောင်ရွက်နိုင်သူ၊ ကံကောင်းသူဖြစ်စေရန်အတွက် အတတ်ပညာပြည့်စုံပြီး စိတ်ကောင်းရှိရမည်ဖြစ်သည်။ ဤသည်ကို တရုတ်ရှေးလူကြီးများက **"သင်သည် များများသိလေကံကြမ္မာကောင်းများ သင့်ထံသို့၍ရောက်ရှိလာလေ"**ဟု ဆိုထားသည်။ အနောက်တိုင်းပညာရှင်တစ်ဦးကလည်း **"အကောင်းဆုံးဆောင်ရွက်သူ၏နောက်မှ ကံကြမ္မာကောင်း၊ အခွင့်အခါကောင်းတို့ လိုက်ပါလာရမြဲဖြစ်သည်"**ဟုဆိုခဲ့သည်။ တစ်ဖန် အီရတ်နိုင်ငံက အာရပ်များကမူ **"ယူဖရေးတီးမြစ်ထဲသို့သွားရောက် ပစ်ချစံရသူပင် မကြာမီ ပုလဲတစ်လုံးကိုင်ပြီး ပြန်ပေါ်လာရသည်"**ဟုဆိုခဲ့သည်။ ကံကောင်းခြင်း၏အဖြစ်က ဤသို့ဖြစ်သည်။

ဤသူကား ရေ၌အကောင်းဆုံးကျွမ်းကျင်သူ၊ ပုလဲရတနာရှာရာတွင် အလွန်ထူးချွန်သူဖြစ်ရကား ရေထဲပစ်ချခံရသော်လည်း အသက်မသေဘဲ ရတနာပင်ရရှိခဲ့ပေတော့သည်။

အကောင်းဆုံးလုပ်ကိုင်နိုင်စွမ်းက ကံကောင်းခြင်းကို သယ်ဆောင်လာသည်မှာ အထင်အရှားဖြစ်တော့သည်။ ထို့ကြောင့် ကံကောင်းအောင်ကြိုးပမ်းပါ။ သင် အမှန်တကယ်ကံကောင်းပါမည်။ **"မနက်ဖြန်ကံကောင်းချင်လျှင် ယနေ့ကောင်းတာတွေ လုပ်ပါ"** ဟူသော အနောက်တိုင်းပညာရှိတစ်ယောက်၏ စကားကို လက်ဆောင်ပါးအပ်ပါသည်။

ကံကောင်းကြပါစေ။

**ကိုးကား**

- **မြတ်ဗုဒ္ဓ၏ ကြီးပွားရေးလမ်းညွှန်ချက်များ ဦးမောင်မောင် (ဟံသာဝတီ)**
- **မင်္ဂလာနိဒါန်း မောင်အံ့(မဟာဝိဇ္ဇာ၊ ဘုံဘေ) သာသနာရေးဝန်ကြီးဌာန**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရန်ကုန်-ပြည် အထူးရထားခရီးစဉ်ကို တွဲဆိုင်းသစ်များဖြင့် ပြေးဆွဲပေးမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်-ပြည် အထူးရထားခရီးစဉ်ကို နိုဝင်ဘာ ၅ ရက်မှစတင်ကာ တွဲဆိုင်းသစ်များဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၊ တိုင်းအမှတ်(၇)(ရန်ကုန်တိုင်းဒေသကြီး) လက်ထောက် မန်နေဂျာ ဦးကျော်မျိုးလွင်ထံမှ သိရသည်။

မြန်မာ့မီးရထားအနေဖြင့် အများပြည်သူများ ခရီးသွားလာရေးအဆင်ပြေစေရန် ပုံမှန်ခရီးစဉ်များအပြင် အထူးရထားများကို တွဲဆိုင်းသစ်များဖြင့် အခါကြီးရက်ကြီးများတွင် အစဉ်အမြဲပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"နိုဝင်ဘာ ၅ရက်မှာ ရန်ကုန်-ပြည် အထူးရထားကို စတင်ပြေးဆွဲပေးသွားမှာပါ။ အမြဲတမ်း အခါကြီးရက်ကြီးတွေမှာ အခုလို အထူးရထားတွေကို ပြေးဆွဲပေးနေပါတယ်။ ဒါ့ပြင် ခရီးသွားပြည်သူတွေရဲ့ တောင်းဆိုချက်အရ ရန်ကုန်-မန္တလေးလမ်းပိုင်းမှာလဲ နိုဝင်ဘာ ၂ ရက်က စတင်ပြီးတော့ အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် လေအိတ်ရထားတွေကို တစ်ပတ်သုံးရက် တိုးချဲ့ပြေးဆွဲပေးနေပြီဖြစ်ပါတယ်"ဟု ဦးကျော်မျိုးလွင်က ပြောပြသည်။

မြန်မာ့မီးရထားက ရန်ကုန်-ပြည် လေအိတ်အမြန်ရထား (နေ့စဉ်)၊ ကြည့်မြင်တိုင်-ပြည် စာပို့ရထား(နေ့စဉ်)၊ ရန်ကုန်-မော်လမြိုင် လေအိတ်အမြန်ရထား (နေ့စဉ်)၊ ရန်ကုန်-ပဲခူးစာပို့ရထား (နေ့စဉ်)၊ ပျဉ်းမနား-တောင်တွင်းကြီး စာပို့ရထား(နေ့စဉ်)၊ ပုသိမ်-ကြံခင်း စာပို့ရထား(နေ့စဉ်)၊ မန္တလေး-မြစ်ကြီးနားလမ်းဖြင့်ဦးလွင် လေအိတ်အမြန်ရထား(စနေ)၊ ပြင်ဦးလွင်-ဂုတ်ထိပ် လေအိတ်အမြန်ရထား (တနင်္ဂနွေ)၊ သာစည်-ရွှေညောင် စာပို့ရထား(တနင်္လာ)၊ ပြည်တော်သာ-ရေချမ်းပြင် လေအိတ်အမြန်ရထား(နေ့စဉ်)၊ တောင်ကြီး-ဘန်းယဉ် စာပို့ရထား(နေ့စဉ်)ကိုလည်း ပြေးဆွဲပေးနေကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများရထားဖြင့် အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များကို လိုရာခရီးသို့ တင်ပို့နိုင်ရေးအတွက် စီစဉ်ပေးလျက်ရှိရာ စီးနင်းမှုနှင့် ကုန်စည်တင်ပို့မှုများပြားလာသည့် အခြေအနေအပေါ် မူတည်၍ ရထားခရီးစဉ်များကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH




# မြို့သစ်မြို့နယ် ဂွေးကုန်း(အရှေ့)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မြို့သစ် နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဂွေးကုန်း(အရှေ့)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်နှင့် စီမံကိန်းတာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဂွေးကုန်း(အရှေ့)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းကို ရေရှည်အသုံးပြုနိုင်ရေး တန်ဖိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းမပြုရန်နှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားသည်။

မြို့သစ်မြို့နယ် ဂွေးကုန်း(အရှေ့)ကျေးရွာ၌ လမ်းအရှည်ပေ ၈၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၆ သန်း စုစုပေါင်းငွေကျပ် ၁၇ ဒသမ ၆ သန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဂွေးကုန်း(အရှေ့)ကျေးရွာရှိ အိမ်ခြေ ၁၉၉ အိမ်၊ လူဦးရေ ၉၉၀ အတွက် အကျိုးပြုမည်ဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်က ပြောပြ၍ သိရသည်။

**အထွေး**

## ပြည့်ဂုဏ်ရည် ထုံကြည်ဝင့်ရအောင်

\- ပြည်လူ့ဘောင် နိုင်ငံတိုင်း
ကိုယ့်သမိုင်းနဲ့ ကိုယ့်ရိုးရာ၊
ဘိုးဘေးဘီ ခေတ်စဉ်ဆက်
မပျက်စဉ်လာ၊
ယဉ်ကျေးမှုနဲ့ အနုပညာ
ဆက်ခံကာ စံတင်ထား၊
စာပေ ဂီတ သဘင် ကဏ္ဍစုံပေါ့
တို့မျိုးဂုဏ် ဂုဏ်ရည်ထူးသမို့
ပွင့်ဖူးတင့်ကြွား။

\- အရိုးပေါ် အရွက်မဖုံးသို့
စဉ်လာထုံး ရိုးရာဟန်၊
ဘိုးဘွားအမွေ အလှပန်းများ
လက်ကမ်း ဝေရန်၊
ခြယ်သီမှုန်း ညွန်းဖွဲ့စံ
ကောင်းမွေမှန် ဆက်ခံနှင်း၊
ကိုယ်ပိုင်ဟန် သုခုမရယ်နဲ့
ဂန္ထဝင်ချစ်စရာအလှတွေ
မွေးမြူမြသင်း။

\- ဇာတိဂုဏ် မြင့်မားရေး
သမိုင်းပေး ပြည့်ဝန်တာ၊
ကိုယ့်ယဉ်ကျေးမှု ကိုယ့်အစဉ်အလာ
စောင့်ထိန်းကာ ချစ်မြတ်နိုးမှ
မျိုးဂုဏ်တင့်မှာ၊
စဉ်ဖော်ထုတ် စောင့်ရှောက်ကာ
ဂုဏ်ယူစွာ လက်ကမ်းပါ့၊
မြန်မာ့ဂုဏ်ရည်
အလှထုံကြည် ဂန္ထဝင်အလှတွေ
စည်းစနစ်မှန် တည်တံ့ရစေဖို့
ခြယ်မွမ်းသီ နည်းဟန်ကျစွာပ
ပြည့်ဂုဏ်ဆောင် ချစ်စရာအလှတွေနဲ့
အောင်ပန်းပန် ဝင့်ထည်ပြလို့ရယ်
ကွယ် . . .
ထိန်းကြ မြှင့်ကြ။ ။

**မင်းသွေးနွယ်(ဓီးကုန်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကျူးဘားနိုင်ငံအပေါ် အမေရိကန်ကုန်သွယ်ရေးပိတ်ဆို့မှု တစ်ညီတစ်ညွတ်တည်း ရှုတ်ချ



**ကျူးဘား နိုဝင်ဘာ ၄**

ကျူးဘားနိုင်ငံအပေါ် အမေရိကန်နိုင်ငံက ချမှတ်ထားသော ကုန်သွယ်ရေး အရေးယူပိတ်ဆို့မှုများကို ကုလသမဂ္ဂအထွေထွေညီလာခံက နိုဝင်ဘာ ၃ ရက်၌ တစ်ညီတစ်ညွတ်တည်း ရှုတ်ချခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ကျူးဘားနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးပိတ်ဆို့မှုကို ရှုတ်ချထားသည့် ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံ၌ နိုဝင်ဘာ ၃ ရက်တွင် မဲခွဲခဲ့ကြသည်။

ထိုသို့ မဲခွဲရာတွင် အထွေထွေညီလာခံအဖွဲ့ဝင် ၁၉၃ နိုင်ငံအနက် ၁၈၅ နိုင်ငံတို့က အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို ထောက်ခံမဲပေးခဲ့ကြပြီး အမေရိကန်နိုင်ငံနှင့်အစ္စရေးနိုင်ငံတို့က ကန့်ကွက်မဲပေးခဲ့ကြသည်။

ကုလသမဂ္ဂအထွေထွေညီလာခံသည် အမေရိကန်နိုင်ငံ၏ ကျူးဘားနိုင်ငံအပေါ် ကုန်သွယ်ရေးပိတ်ဆို့မှုကို နှစ်ပေါင်း ၃၀ မြောက်အဖြစ် ရှုတ်ချခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ကွန်မြူနစ်နိုင်ငံရေးစနစ်ကျင့်သုံးနေသော အိမ်နီးချင်း ကျူးဘားနိုင်ငံကို ၁၉၆၂ ခုနှစ်မှစ၍ ကုန်သွယ်ရေးပိတ်ဆို့မှု စတင်ပြုလုပ်ခဲ့သည်။

အမေရိကန် သမ္မတဟောင်း အိုဘားမားလက်ထက်တွင် ကျူးဘားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ဖြေလျှော့ပေးခဲ့သော်လည်း ဒေါ်နယ်ထရမ့်အစိုးရနှင့် သမ္မတ ဂျိုးဘိုင်ဒင် ဦးဆောင်သော လက်ရှိအမေရိကန်အစိုးရတို့က ကျူးဘားအပေါ် အရေးယူပိတ်ဆို့မှုများ ဖြေလျှော့ပေးရန် ငြင်းဆန်ခဲ့ကြကြောင်း သိရသည်။

KKO

# တရုတ်သမ္မတနှင့် ဂျာမနီဝန်ကြီးချုပ်တို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး

**ပေကျင်း နိုဝင်ဘာ ၄**


ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်ရှုလ်သည် ယနေ့တွင် တစ်ရက်ကြာ ခရီးစဉ်အဖြစ် တရုတ်နိုင်ငံပေကျင်းမြို့သို့ ရောက်ရှိခဲ့ပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂျာမနီဝန်ကြီးချုပ်၏ အဆိုပါ ခရီးစဉ်သည် ကိုဗစ်-၁၉ ရောဂါစတင် ပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း ဂျီ-၇ အုပ်စုခေါင်းဆောင်တစ်ဦး၏ ပထမဆုံးပြည်ပခရီးစဉ်ဖြစ်သည်။

နိုင်ငံတကာ အခြေအနေများ ရှုပ်ထွေးနေချိန်တွင် အင်အားကြီးမားပြီး သြဇာကြီးမားသည့်နိုင်ငံများဖြစ်ကြသည့် တရုတ်နှင့်ဂျာမနီနိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ယခင်အချိန်များကထက်ပို၍ မြှင့်တင်သင့်ကြောင်း ဂျာမနီဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးစဉ် တရုတ်သမ္မတ ရှီကျင့်ဖျင်က တိုက်တွန်းခဲ့သည်။

တရုတ်သမ္မတနှင့်ဂျာမနီဝန်ကြီးချုပ်တို့သည် ပေကျင်းမြို့ပြည်သူ့မဟာခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး အဆိုပါ ဆွေးနွေးပွဲသည် တရုတ်သမ္မတနှင့် ဂျာမနီဝန်ကြီးချုပ်တို့၏ ပထမဆုံးအဖြစ် လူချင်းတွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် တရုတ်သမ္မတနှင့် ဂျာမနီဝန်ကြီးချုပ်တို့သည် ဥရောပ- တရုတ်ဆက်ဆံရေး အခြေအနေ၊ ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စများ၊ ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်းနှင့် တရုတ်-ဂျာမနီစီးပွားရေးဆက်ဆံမှုကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ KKO



# မြောက်ကိုရီးယားစစ်လေယာဉ်များ ပျံသန်းမှုကြောင့် တောင်ကိုရီးယားစစ်ဘက်က တိုက်လေယာဉ်များ အရေးပေါ် စေလွှတ်ခဲ့ရ

**ဆိုးလ် နိုဝင်ဘာ ၄**

ယနေ့တွင် တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံနယ်စပ်မြောက်ဘက်၌ မြောက်ကိုရီးယားစစ်ဘက်လေယာဉ်ပျံသန်းမှုကို ထောက်လှမ်းတွေ့ရှိခဲ့ပြီးနောက် တောင်ကိုရီးယားစစ်ဘက်က ဂျက်တိုက်လေယာဉ်များ အရေးပေါ်စေလွှတ်ခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားစစ်လေယာဉ်များသည် နှစ်နိုင်ငံ စစ်မဲ့ဇုန်နယ်နိမိတ်စည်း၏ မြောက်ဘက်နည်းဗျူဟာမြောက် တုံ့ပြန်လှုပ်ရှားမှုမျဉ်း၏ မြောက်ဘက်၌ လေးနာရီအတွင်း အကြိမ်ပေါင်း ၁၈၀ ခန့် ပျံသန်းခဲ့ကြကြောင်း တောင်ကိုရီးယားစစ်ဘက်က ကြေညာချက်ထုတ်ပြန်ထားသည်။

နည်းဗျူဟာမြောက် လှုပ်ရှားတုံ့ပြန်ရေးမျဉ်းသည် တောင်ကိုရီးယား၏ လေကြောင်းကာကွယ်ရေးလှုပ်ရှားမှုများအတွက် အခြေခံမျဉ်းဖြစ်သည်။

မြောက်ကိုရီးယားစစ်လေယာဉ်များ နှစ်နိုင်ငံနယ်စပ်အနီး ပျံသန်းမှုကို တုံ့ပြန်သည့်အနေဖြင့် အက်ဖ်-၃၅ အေ တိုက်လေယာဉ်များအပါအဝင် တိုက်လေယာဉ်အစင်း ၈၀ စေလွှတ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပြီးခဲ့သည့်လကလည်း မြောက်ကိုရီးယားစစ်လေယာဉ် ၁၀ စင်းသည် နှစ်နိုင်ငံနယ်စပ်အနီး ပျံသန်းခဲ့ရာ တောင်ကိုရီးယားနိုင်ငံကလည်း တိုက်လေယာဉ်များအရေးပေါ်စေလွှတ်ခဲ့ရသည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံသည် နိုဝင်ဘာ ၃ ရက် ညပိုင်းကလည်း ပင်လယ်ရေပြင်အတွင်းသို့ အမြောက်များဖြင့် အချက် ၈၀ ခန့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

KKO

# ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် ခြေထောက်ဒဏ်ရာရရှိ

**အစ္စလာမ်မာဘတ် နိုဝင်ဘာ ၄**

လုပ်ကြံမှုအဖြစ် ယူဆရသော တိုက်ခိုက်မှုတစ်ရပ်ကြောင့် ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းမှာ ခြေထောက်တွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး ၎င်းကိုထောက်ခံသူတစ်ဦးသေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက နိုဝင်ဘာ ၃ ရက်တွင် ဖော်ပြခဲ့သည်။

ရွေးကောက်ပွဲများ သတ်မှတ်ချိန်ထက်စော၍ ကျင်းပရန် အစိုးရကို ဖိအားပေးတောင်းဆိုရေးအတွက် အစ္စလာမ်မာဘတ်မြို့သို့ ချီတက်နေစဉ် နိုဝင်ဘာ ၃ ရက်တွင် သေနတ်သမားတစ်ဦးက ဝန်ကြီးချုပ်ဟောင်းကို သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သေနတ်သမားကို ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရာနေရာ၌ပင် ဖမ်းဆီးနိုင်ခဲ့သည်။

နိုဝင်ဘာ ၃ ရက် ပစ်ခတ်မှုသည် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို လုပ်ကြံရန်ဖြစ်ကြောင်း ၎င်းဦးဆောင်သော တီရစ်ခ်အီးအင်းဆက်ဖ်ပါတီ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် အီမရန်ခန်းဒဏ်ရာရရှိခဲ့ပြီးနောက် ယနေ့တွင် ပါကစ္စတန်နိုင်ငံတစ်ဝန်းဆန္ဒပြပွဲများ ကျင်းပရန် တီရစ်ခ်အီးအင်းဆက်ဖ်ပါတီက ကြေညာထားသည်။

ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်း၏ ခြေထောက်သေနတ်ဒဏ်ရာကို လာဟိုမြို့ ဆေးရုံတစ်ရုံ၌ ကုသလျက်ရှိရာ အခြေအနေပြန်လည်ကောင်းမွန်လာပြီ ဖြစ်ကြောင်း သိရသည်။

KKO

# လူပြိုမှုဖြစ်လွယ်သော မြေအောက်ရထားဘူတာရုံများကို လုံခြုံရေးစောင့်ကြည့်မှုများ တောင်ကိုရီးယားမြှင့်တင်

**ဆိုးလ် နိုဝင်ဘာ ၄**

ဟောလိုးဝင်းပါတီပွဲ၌ လူပြိုမှုကြောင့် လူဦးရေ ၁၅၀ ကျော် သေဆုံးခဲ့ရပြီးနောက် တောင်ကိုရီးယားတာဝန်ရှိသူများသည် လူစုလူဝေးမှုများပြားသော မြေအောက်ရထားဘူတာရုံများကို စောင့်ကြည့်မှုမြှင့်တင်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆိုးလ်မြို့တော် အီတေဝန် ညဈေးနယ်မြေ လမ်းကြားတစ်ခု၌ အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့သည့် ဟောလိုးဝင်းပါတီပွဲလူပြိုမှုကြောင့် ၁၅၆ ဦး သေဆုံး၍ ၁၈၇ ဦး ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားပြီးနောက် လူပြိုမှုများ ဖြစ်ပွားနိုင်ခြေမြင့်မားသော မြေအောက်ရထားဘူတာရုံများကို ရဲတပ်ဖွဲ့၏ စောင့်ကြည့်မှု မြှင့်တင်ထားကြောင်း တောင်ကိုရီးယားဝန်ကြီးချုပ် ဟန်ဒက်ခ်ဆိုးက ယနေ့တွင် ပြောကြားထားသည်။

ထို့ပြင် ဝန်ကြီးချုပ် ဟန်ဒက်ခ်ဆိုးက ယနေ့မှစ၍ ဆိုးလ်မြို့တော်အတွင်းရှိ မြေအောက်ရထားဘူတာရုံများ၌ လူအုပ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီရေးအတွက် ရဲတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီတေဝန် လူပြိုမှုဖြစ်စဉ်တွင် လူပြိုမှုဖြစ်ပွားခဲ့ရာနေရာ၌ ရဲတပ်ဖွဲ့၏ လူအုပ်ထိန်းချုပ်မှုလုပ်ငန်းစဉ်များမှာ လုံလောက်မှုမရှိခဲ့ကြောင်း တောင်ကိုရီးယားအမျိုးသား ရဲတပ်ဖွဲ့အကြီးအကဲက ဝန်ခံထားသည်။

အီတေဝန်လူပြိုမှုဖြစ်စဉ်အတွက် ဝမ်းနည်းမှုကာလ သီတင်းတစ်ပတ်ကို တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးက ကြေညာပေးခဲ့ကြောင်း သိရသည်။ KKO



# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဂျာမနီက Arrow 3 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များဝယ်ယူရေး အစ္စရေးနှင့်ဆွေးနွေး



ဂျာမနီက Arrow 3 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ် ဝယ်ယူရေး အစ္စရေးနှင့်ဆွေးနွေးနေကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်ဟု အောက်တိုဘာ ၃၁ ရက်က CTECH ဝက်ဘ်ဆိုက်က ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

ယူကရိန်းအခြေအနေနှင့် ရုရှား၏ ခြိမ်းခြောက်မှုများ ကြီးထွားလာသည့်နောက်ပိုင်း အမေရိကန်က ရောင်းချမှုကို လက်ခံနိုင်လိမ့်မည်ဖြစ်သည်။

Arrow 3 လေကြောင်းရန်ကာကွယ်ရေးစနစ်ကို အစ္စရေးနှင့် အမေရိကန်တို့က ပူးပေါင်းတီထွင်ထုတ်လုပ်ထားပြီး ရောင်းချခြင်းမပြုမီ နှစ်နိုင်ငံစလုံးမှ အတည်ပြုချက်ရယူရမည်ဖြစ်သည်။ ဤဝယ်ယူမှုအတွက် ဂျာမနီနိုင်ငံသည် ယူရို နှစ်ဘီလီယံဖြင့် ပထမဆုံးနိုင်ငံဖြစ်လာလိမ့်မည်ဖြစ်သည်။

ယခုဝယ်ယူမှုသည် NATOအဖွဲ့ဝင် ၁၄ နိုင်ငံနှင့် ဖင်လန်တို့ပါဝင်မည့် European Sky Shield Initiative အမည်ဖြင့် ပူးတွဲလေကြောင်းကာကွယ်ရေးအစီအစဉ်သစ်အောက်တွင် ဥရောပဖွံ့ဖြိုးတိုးတက်မှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာနိုင်ကြောင်း၊ CTECH ဝက်ဘ်ဆိုက်မှ အချက်အလက်များကို ကိုးကား၍ အဆိုပါသဘောတူညီချက်သည် ယူရို နှစ်ဘီလီယံခန့်ရှိပြီး နောက်ပိုင်းတွင် ယူရို သုံးဘီလီယံထိ ရောက်ရှိလာနိုင်ကြောင်း သိရသည်။

အောက်တိုဘာ ၁၃ ရက်က NATO မဟာမိတ် ၁၄ နိုင်ငံနှင့် ဖင်လန်နိုင်ငံတို့မှ ကာကွယ်ရေးဝန်ကြီးများသည် European Sky Shield Initiative ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်စာတစ်စောင်ကို ဘရပ်ဆဲလ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ဂျာမနီက ဦးဆောင်ပြီး ဥရောပနိုင်ငံများ၏ လေကြောင်းရန်ကာကွယ်ရေးပစ္စည်းနှင့်ဒုံးကျည်များဝယ်ယူမှုမှတစ်ဆင့် ဥရောပလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်ကိုဖန်တီးရန် ရည်ရွယ်သည်။ ၎င်းသည် NATO ၏ ပေါင်းစည်းလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးကို အားကောင်းလာစေမည်ဖြစ်သည်။

စက်တင်ဘာ ၃၀ ရက်တွင် တပ်မတော်အသိအမှတ်ပြု (Army Recognition) အယ်ဒီတာအဖွဲ့မှ အစ္စရေးကာကွယ်ရေးဝန်ကြီး Benny Gantz နှင့် ဂျာမနီကာကွယ်ရေးဝန်ကြီး Christine Lambrecht သည် အစ္စရေးထုတ် Arrow-3 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ရောင်းချမှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

Arrow-3 ကြားဖြတ်တိုက်ခိုက်ရေးဒုံးလက်နက်စနစ်သည် ပဲ့ထိန်းဒုံးကျည်များကို ခုခံကာကွယ်ရန် နောက်ထပ်အလွှာတစ်ခုကိုထပ်ပေါင်းအားဖြည့်နိုင်ရေး ဒီဇိုင်းထုတ်ထားသည်။ အစ္စရေးနိုင်ငံ၏ Arrow Weapon System တွင် ကြားဖြတ်တိုက်ခိုက်နိုင်မှုအခွင့်အလမ်းများ ထပ်ပေါင်းထည့်ရန်နှင့် ဒုံးကျည်ခြိမ်းခြောက်မှုများမှ အပြည့်အဝကာကွယ်ပေးနိုင်မည့် အစ္စရေးနိုင်ငံ၏ အဆင့်မြင့်ခေတ်မီကာကွယ်ရေးအခြေခံအဆောက်အအုံကို အဆင့်မြှင့်တင်နိုင်ရန် ထုတ်လုပ်ထားခြင်းဖြစ်သည်။

Arrow 3 တာဝေးပစ်ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးတပ်ခွဲ တစ်ခွဲတွင် IAI ၏ Elta Systems ထုတ် ELM-2084 Super Green Pine ကြိုတင်သတိပေးနှင့် ပစ်ခတ်မှုထိန်းကျောင်းရေးရေဒါ၊ Citron Tree တိုက်ပွဲစီမံခန့်ခွဲမှုဌာန၊ Elbit Systems ထုတ် Hazelnut Tree Launcher Control Center ဒုံးပစ်စင်ထိန်းကျောင်းရေးဌာနတို့ ပါဝင်ဖွဲ့စည်းထားသည်။ ရေဒါအသစ် ELM-2084 တွင် ပစ်မှတ်ဖမ်းယူနိုင်မှုအကွာအဝေးနှင့် ပုံရိပ်ကြည်လင်ပြတ်သားမှု ၅၀ ရာခိုင်နှုန်းထိ မြှင့်တင်ပေးထားသည်။ Elbit Systems ထုတ်လုပ်သော Golden Citron Battle Management Center စစ်မြေပြင်စီမံခန့်ခွဲမှုစနစ်သည်လည်း သိသာထင်ရှားသော စွမ်းရည်အသစ်များကို ပိုင်ဆိုင်နိုင်ခဲ့သည်။

Arrow 3 သည် အမြင့်ပေ ၁၀၀ ကီလိုမီတာကျော်နှင့် အကွာအဝေး ၂၄၀၀ ကီလိုမီတာထိ အစုလိုက်အပြုံလိုက်ဖျက်ဆီးနိုင်စွမ်းရှိသော ထိပ်ဖူးများ သယ်ဆောင်ထားသောပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ဟန့်တားနိုင်မည်ဖြစ်သည်။

**Israel and Germany discuss with US for acquisition of Arrow 3 air defense missile systems ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်စစ်ဘက်က C-UAS မစ်ရှင်အတွက် Q-53 MMR ဘက်စုံသုံးရေဒါစနစ်ကို သရုပ်ပြသခဲ့

အရီဇိုးနားပြည်နယ် Yuma တွင် တန်ပြန်မောင်းသူမဲ့လေယာဉ် ကာကွယ်ရေးစနစ် (C-UAS) တွင် အသုံးပြုနိုင်ရန် အမေရိကန်ကြည်းတပ်သုံး AN/TPQ-53 (Q-53) Multi-Mission Radar (MMR) ဘက်စုံသုံးရေဒါစနစ်ကို သရုပ်ပြသခဲ့ပြီး ၎င်းသည် အချက်အလက်များခြေရာခံ ထိန်းကျောင်းနိုင်စွမ်းရှိကြောင်း သိရသည်။

C-UAS မစ်ရှင်အတွက် လျင်မြန်စွာဖြန့်ကြက်အသုံးပြုနိုင်သော Q-53 MMR ဘက်စုံသုံးရေဒါကို New York ပြည်နယ် ဆယ်ရာကျူးစ် (Syracuse) မြို့ရှိ Lockheed Martin က တီထွင်ထုတ်လုပ်ထားသည်။

သရုပ်ပြလေ့ကျင့်မှုအတွင်း Q-53 MMR ဘက်စုံသုံးရေဒါသည် Yuma တွင် စမ်းသပ်နေစဉ် Coyote Block 2 C-UAS တန်ပြန်မောင်းသူမဲ့လေယာဉ်စနစ်အတွက် အဓိကပစ်ခတ်မှုထိန်းကျောင်းရေးအရင်းအမြစ်အဖြစ် ကြီးကြပ်ကွပ်ကဲမှု Forward Area Air Defense Command and Control (FAAD C2) စနစ်နှင့်ပေါင်းစပ်လုပ်ဆောင်ထားသည်။

" Q-53 MMR ဘက်စုံသုံးရေဒါမှာ တပ်မတော်ရဲ့ လိုအပ်ချက်တွေကို ကျော်လွန်ပြီး သူတို့ရဲ့တိုးတက်ပြောင်းလဲနေတဲ့ မစ်ရှင်တွေနဲ့လိုက်လျောညီထွေဖြစ်အောင် လုပ်ခဲ့တဲ့သမိုင်းကြောင်းရှိပါတယ်။ မကြာသေးခင်က စမ်းသပ်မှုမှတ်တိုင်ဟာ စနစ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်ကို အဆင့်မြှင့်တင်ဖို့ ဆက်လက်လုပ်ဆောင်နေတဲ့ ကတိကဝတ်ကို ထင်ဟပ်စေမှာလဲဖြစ်ပါတယ်"ဟု Lockheed Martin Army Radars ၏ ပရိုဂရမ် ဒါရိုက်တာ David Kenneweg က ပြောကြားခဲ့သည်။

"ကြည်းတပ်ရဲ့ Q-53 MMR ရေဒါမှာ ဝေဟင်ထောက်လှမ်းရေးစွမ်းရည်ကို မြှင့်တင်နိုင်ပြီး C2 စနစ်တွေ၊ လက်နက်စနစ်အမျိုးမျိုးနဲ့ပေါင်းစပ်နိုင်ပြီး တပ်ဖွဲ့ဝင်တွေဟာ ခြိမ်းခြောက်မှုတွေကို အချိန်နဲ့တစ်ပြေးညီ ထောက်လှမ်းနိုင်ကာ ဆုံးဖြတ်ချက်တွေချမှတ်ရာမှာ ပိုမိုမြန်ဆန်စေလာမှာဖြစ်ပါတယ်"ဟု ၎င်းကထည့်သွင်းပြောကြားခဲ့သည်။

Lockheed Martin သည် အမေရိကန်ကြည်းတပ်နှင့် နိုင်ငံတကာမိတ်ဖက်များထံ Q-53 MMR ဘက်စုံသုံးရေဒါ ၁၅၉ စုံ ပေးပို့ခဲ့ပြီးဖြစ်သည်။ Q-53 MMR ဘက်စုံသုံးရေဒါများသည် မော်တာများ၊ ဒုံးပျံများနှင့်အမြောက်များကဲ့သို့ ရန်သူ၏သွယ်ဝိုက်ပစ်ခတ်မှုတည်နေရာကို ထောက်လှမ်း၊ ခွဲခြားစိစစ်၊ ခြေရာခံ၍ ဆုံးဖြတ်ပေးကာ ၎င်း၏ရည်မှန်းချက်တာဝန်သည် အခြားပေါ်ပေါက်လာသော ခြိမ်းခြောက်မှုများထိ ဆက်လက်ထိန်းကျောင်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။



Q-53 MMR ဘက်စုံသုံးရေဒါသည် ယုံကြည်စိတ်ချရမှုနှင့် စွမ်းဆောင်ရည်မြင့်မားသည့် ရေဒါအမျိုးအစားဖြစ်၍ ခေတ်မီအဆင့်မြှင့်တင်ရေးနှင့် မစ်ရှင်လိုအပ်ချက်များကို ဆက်လက်တိုးချဲ့လုပ်ဆောင်နိုင်စေရန် တွန်းအားပေးလျက်ရှိသည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လက အမေရိကန်စစ်ဘက်သည် Q-53 MMR ဘက်စုံသုံးရေဒါများ၏ စွမ်းရည်ကိုပြသရန်အတွက် Lockheed Martin ကိုအနာဂတ်စွမ်းရည်မြှင့်တင်ရန်နှင့်အမျိုးအစားတူစနစ်များထက် သာလွန်ကောင်းမွန်သော စွမ်းဆောင်ရည်ကို ထိန်းသိမ်းထားနိုင်စေရန် နောက်ဆက်တွဲစာချုပ် တစ်ရပ်ချုပ်ဆို၍ အဆင့်မြှင့်တင်မှုများ လုပ်ဆောင်ခဲ့သည်။

ဤအဆင့်မြှင့်တင်မှုများသည် လေကြောင်းခြိမ်းခြောက်မှု မြင့်မားသောပတ်ဝန်းကျင်များတွင် ရေဒါစွမ်းဆောင်ရည်ကို တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ ၎င်းတွင် Long Range Precision Fires (တာဝေးတိကျပစ်ခတ်တိုက်ခိုက်မှုများ ထောက်ပံ့ပေးနိုင်ရန်) လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးအတွက် ပံ့ပိုးလုပ်ဆောင်နိုင်စွမ်းများပါဝင်သည်။ Q-53 MMR ဘက်စုံသုံးရေဒါသည် အဆိုပါမစ်ရှင်များအတွက် အဓိကလုပ်ဆောင်ပေးနိုင်သည့် ရေဒါများဖြစ်ပြီး ဤနယ်ပယ်အတွင်း နည်းပညာတိုးတက်မှုအတွက် စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်သည့် ရေဒါအမျိုးအစားလည်းဖြစ်သည်။

**US Army demonstrates Lockheed Martin Q-53 MMR Multi-Mission Radar in counter-UAS mission ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး




## ပရီးမီးယားလိဂ် ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်

ML

**စပါး Vs လီဗာပူး**

**ကစားမည့်ရက်/အချိန် ၆-၁၁-၂၀၂၂ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လီဗာပူး ၁ - ၁ စပါး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **စပါး** | – | **အိမ်(သရေ)** | **ဝေး(နိုင်)** | **ဝေး(နိုင်)** |
| **လီဗာပူး** | – | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** |

စပါးအသင်းဟာ နောက်ဆုံးအိမ်ကွင်းနှစ်ပွဲဆက် နိုင်ပွဲမရခဲ့သလို အဓိက တိုက်စစ်ကစားသမားတွေ ဒဏ်ရာရနေတာကြောင့် ကစားပုံကျဆင်းနေတာကို တွေ့ရမှာပါ။ လီဗာပူးအသင်းကတော့ အသင်းကြီးတွေနဲ့ဆိုရင် အသင်းလိုက်ကစားအားကောင်းသလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ အသာရထားပါတယ်။ ဒါကြောင့် လီဗာပူးအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – စပါး ၁ – ၂ လီဗာပူး**

## အီတလီစီးရီးအေ ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်များ

ML

**ဘိုလော့နာ Vs တိုရီနို**

**ကစားမည့်ရက်/အချိန် ၆-၁၁-၂၀၂၂ (ည ၀၆:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုလော့နာ ၀ – ၀ တိုရီနို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘိုလော့နာ** | – | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |
| **တိုရီနို** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

ဘိုလော့နာအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာပုံစံကောင်းရလာပြီး အိမ်ကွင်းသုံးပွဲဆက် ရှုံးပွဲမရှိသေးပါဘူး။ လက်ရှိ တိုရီနို အသင်းကလဲ အေစီမီလန်၊ အူဒီးနီးစ်တို့ကို အနိုင်ရထားပေမဲ့ ၂၀၁၆ ခုနှစ် နောက်ပိုင်း ဘိုလော့နာအိမ်ကွင်းမှာ နိုင်ပွဲမရသေးပါဘူး။ ဒါကြောင့် တွေ့ဆုံမှုအစဉ်အလာမှာ အသာရထားတဲ့ ဘိုလော့နာနဲ့ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘိုလော့နာ ၂ – ၁ တိုရီနို**

**ရိုးမား Vs လာဇီယို**

**ကစားမည့်ရက်/အချိန် ၆-၁၁-၂၀၂၂ (ည ၁၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရိုးမား ၃ – ၀ လာဇီယို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ရိုးမား** | – | **ဝေး(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **လာဇီယို** | – | **အိမ်(နိုင်)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |

ရိုးမားအသင်းဟာ အိမ်ကွင်းကစားပုံမာကျောတဲ့ အသင်းဖြစ်ပြီး အခုပြိုင်ပွဲမှာလဲ အိမ်ကွင်းရှုံးပွဲမရှိသေးတာဖြစ်ပါတယ်။ လာဇီယိုအသင်းကတော့ လက်ရှိ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့အပြင် အဝေးကွင်းခံစစ်ပိုင်းက ရှုန်းကန်နေရတာကို တွေ့ရမှာပါ။ ဒါကြောင့် အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့ ရိုးမား အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ရိုးမား ၁ – ၀ လာဇီယို**

## အားကစားသတင်း အတိုအထွာများ

- ဂျပန်အသင်းနှင့် ကစားရမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပဏာမကစားသမားရင်းတွင် ပါဝင်နေသည့် အာဆင်နယ်အသင်း ကစားသမား တိုမီယာဆုအနေဖြင့် ကြွက်သားဒဏ်ရာ ရရှိခဲ့ကြောင်း အာဆင်နယ်အသင်းက ထုတ်ပြန်ခဲ့သည်။
- စပါးအသင်းက အတ္တလန္တာအသင်း ကစားသမား မာလင်နော့စကီးကို စတာလင်ပေါင် ၁၃ သန်းဖြင့် ခေါ်ယူရန်သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ဥရောပထိပ်သီးကလပ်အသင်းကြီးများက စိတ်ဝင်စားနေသည့် တိုက်စစ်မှူး ဂျာအိုဖီးလစ်ကို အေဘီကိုအသင်းက ဇန်နဝါရီ အပြောင်းအရွှေ့ ကစားသမားရောင်းချမည့် စာရင်းတွင် ထည့်သွင်းခဲ့ကြောင်း သိရသည်။

ML

## အောက်တိုဘာလအတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်လတာအကောင်းဆုံးဆုများ ဆန်ခါတင်စာရင်းထုတ်ပြန်




**လန်ဒန် နိုဝင်ဘာ ၄**

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ အောက်တိုဘာလအတွက် တစ်လတာအကောင်းဆုံး နည်းပြဆုနှင့် အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်ခဲ့ရာ နည်းပြဆုအတွက် နယူးကာဆယ် နည်းပြ ဟိုဝီ၊ အာဆင်နယ်အသင်းနည်းပြ အာတီတာ၊ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာတို့ ပါဝင်ပြီး အကောင်းဆုံး ကစားသမားစာရင်းတွင် အယ်မီရွန်၊ ကီပါ၊ ဒီဘရိုင်း၊ ဂွီမာရေ့စ်၊ ဟာလန်း၊ ထရစ်ပီယာ၊ ထရိုဆာ့ဒ်နှင့် ရှာကာတို့ ပါဝင်ခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အကောင်းဆုံးနည်းပြဆုအတွက် နယူးကာဆယ်အသင်းနည်းပြ ဟိုဝီသည် အမှတ်ပေးပွဲ ခြောက်ပွဲတွင် ငါးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ် ၁၆ မှတ်ရရှိအောင် စွမ်းဆောင်၍လည်းကောင်း၊ နည်းပြအာတီတာက အမှတ်ပေးပွဲငါးပွဲတွင် ရမှတ် ၁၃ မှတ်ရရှိအောင် စွမ်းဆောင်နိုင်၍လည်းကောင်း နည်းပြဂွါဒီယိုလာက အမှတ်ပေးပွဲ ငါးပွဲတွင် ရမှတ် ၁၂ မှတ်ရရှိအောင် စွမ်းဆောင်နိုင်မှုတို့ကြောင့် ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သည်။

အကောင်းဆုံး ကစားသမားစာရင်းတွင် နယူးကာဆယ် ကစားသမားများဖြစ်သည့် တောင်ပံကစားသမားအယ်မီရွန်က ခြောက်ပွဲကစားခဲ့ရာတွင် သွင်းဂိုးခြောက်ဂိုး၊ ကွင်းလယ်ကစားသမား ဂွီမာရေ့စ်က သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်၊ ခံစစ်ကစားသမား ထရစ်ပီယာက ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး မန်စီးတီးတိုက်စစ်မှူး ဟာလန်းက မန်ယူအသင်းကို ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အပြင် လေးပွဲတွင် သွင်းဂိုးရှစ်ဂိုးနှင့် ကွင်းလယ်ကစားသမား ဒီဘရိုင်းက သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်၊ ချဲလ်ဆီးအသင်းဂိုးသမား ကီပါက ခြောက်ပွဲကစားခဲ့ရာတွင် Clean Sheet သုံးပွဲနှင့် ထိရောက်သည့် ဂိုးပေါက်ကာကွယ်မှုများ ပြုလုပ်နိုင်ခဲ့သည်။

ထို့အတူ အာဆင်နယ်အသင်း ကွင်းလယ်ကစားသမားရှာကာက တိုက်စစ်လိုက်ပါ၍ အသင်းအတွက် အဓိက သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့၍လည်းကောင်း၊ ဘရိုက်တန်ကစားသမား ထရိုဆာ့ဒ်က လီဗာပူးအသင်းကို ဟက်ထရစ်ဂိုးနှင့် မန်စီးတီး၊ ချဲလ်ဆီးအသင်းတို့ကို သွင်းဂိုး တစ်ဂိုးစီ သွင်းယူနိုင်၍လည်းကောင်း တစ်လတာအကောင်းဆုံး ကစားသမားစာရင်းတွင် ပါဝင်လာခဲ့ကြောင်း သိရသည်။

ML

## မန်ယူအသင်းသမိုင်းတစ်လျှောက် ဥရောပပြိုင်ပွဲတွင် အင်္ဂလန်ကစားသမားမဟုတ်သည့် အသက်အငယ်ဆုံးဂိုးသွင်းယူနိုင်သူအဖြစ် ဂါနာချိုစံချိန်သစ်တင်

**မန်ချက်စတာ နိုဝင်ဘာ ၄**

မန်ယူအသင်း လူငယ်တောင်ပံကစားသမား ဂါနာချိုသည် ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် ဆိုစီဒက်အသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် ပွဲချိန် ၁၂ မိနစ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မန်ယူအသင်းသမိုင်းတစ်လျှောက် ဥရောပအဆင့် ပြိုင်ပွဲများတွင် အင်္ဂလန်ကစားသမားမဟုတ်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်ဟု မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါနာချိုသည် ယနေ့ နံနက်ပိုင်းက ကစားခဲ့သည့် ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မန်ယူအသင်းနှင့် ဆိုစီဒက်အသင်းတို့ ပွဲစဉ်၌ ပါဝင်ကစားခဲ့သည့်အချိန်တွင် အသက် ၁၈ နှစ်နှင့် ၁၂၅ ရက်သာ ရှိသေးသည့်အတွက် အသင်းမှ ကစားသမားဟောင်း ဂျော်ဂျီဘရက် ၏အသက် ၁၈ နှစ်နှင့် ၁၅၈ ရက်ဖြင့် စံချိန်တင်ထားခဲ့ခြင်းကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂါနာချိုသည် မန်ယူအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီမှသာ အသင်းနှင့်ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုခဲ့ကာ အသင်းကြီးသို့ခေါ်ဆောင်ခဲ့ပြီး နည်းပြ တန်ဟတ်၏ ယုံကြည်မှုနှင့်အတူ တောင်ပံကစားသမား ဆန်ချိုခြေစွမ်းကျဆင်းနေသည့် အချိန်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ တစ်ပွဲ၊ ယူရိုပါလိဂ်ပြိုင်ပွဲတွင် သုံးပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး အသင်းကြီးအတွက် ပထမဆုံး သွင်းဂိုးကို သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

STA




## OHL Classic ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဝယ်ဂေါ်ဒွန် ဦးဆောင်

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၄**

မက္ကဆီကိုနိုင်ငံ ပလာယာဒယ်လ်ကာမန်းတွင် ကျင်းပနေသည့် OHL Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဝယ်ဂေါ်ဒွန်က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက် လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း PGA Tour က ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် အမေရိကန်ဂေါက်သီးရိုက် ကစားသမားတစ်ဦးပင်ဖြစ်သည့် ရက်ဆဲလ်ဟန်လေက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အီတလီဂေါက်သီးရိုက်ကစားသမား မိုလီနာရီအပါအဝင် ပြိုင်ပွဲဝင်လေးဦးက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီ လျှော့ရိုက်ကာအမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကြသည်။

ကမ္ဘာ့အဆင့် (၂) ဂေါက်သီးရိုက်ကစားသမားဖြစ်သည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ရှက်ဖလာမှာသတ်မှတ် ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ T7 နေရာတွင် ရပ်တည်နိုင်ခဲ့သော်လည်း အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ကစားသမားများနှင့် T7 နေရာတွင် ရပ်တည်နေသည့် ပြိုင်ပွဲဝင်များအကြား ရိုက်ချက်ကွာဟမှု ကျဉ်းမြောင်းပြီး ပြိုင်ပွဲဝင်အများစုမှာ အကောင်းဆုံးပုံစံရခဲ့ကြသည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဝယ်ဂေါ်ဒွန်က "ဘာမြူဒါပြိုင်ပွဲမှာတုန်းကကျွန်တော့်စွမ်းရည်ပိုင်းဟာ စိတ်ပျက်စရာကောင်းပါတယ်။ အတက်အကျတွေ အရမ်းမြန်ခဲ့တယ်။ ကျွန်တော်လိုချင်တဲ့ပုံစံအတိုင်း မကစားနိုင်ခဲ့ဘူး။ ဘာမြူဒါပြိုင်ပွဲမှာ စိတ်ပျက်စရာအခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့အတွက် ဒီပြိုင်ပွဲမှာ တစ်စုံတစ်ရာမျှော်လင့်ထားတာမျိုး မရှိပါဘူး။ အောင်မြင်မှုရယူဖို့ထက် အကောင်းဆုံးပုံစံပြန်ရဖို့ပဲ အဓိကအာရုံစိုက်သွားမယ်။ ပထမနေ့မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းပိုင်းကိုတော့ အားရကျေနပ်မှုရှိပါတယ်။ အထူးသဖြင့် ဒုတိယ ကိုးကျင်းမှာ ကစားနိုင်ခဲ့တဲ့ပုံစံကို အားရမိတယ်။ Birdies လေးကျင်းဆက်တိုက် ရခဲ့တယ်။ ဒုတိယနေ့မှာ ဒီပုံစံကို ဆက်ထိန်းနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ၂၀၂၄ အာရှယူ-၁၇ နှင့် ယူ-၂၀ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းများ အုပ်စု (F) နှင့် အုပ်စု (G) တို့တွင် ကျရောက်

**ရန်ကုန် နိုဝင်ဘာ ၄**




အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၄-အာရှယူ-၁၇ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲပထမအဆင့်ခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင်ယူ-၁၇ အမျိုးသမီးအသင်းသည် အုပ်စု (F) တွင် ကျရောက်ခဲ့ကြောင်း သိရသည်။

၂၀၂၄ အာရှယူ-၁၇အမျိုးသမီးချန်ပီယံရှစ်ပြိုင် ပထမအဆင့်ခြေစစ်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၉ သင်းဖြင့် လေးသင်းပါ ငါးအုပ်စုနှင့် သုံးသင်းပါ သုံးအုပ်စု ခွဲခြားကာ ၂၀၂၃ ခုနှစ် ဧပြီ ၂၂ ရက်မှ ၃၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု(A)၌ အိမ်ရှင် ထိုင်း၊ မလေးရှားနှင့် မြောက်မာရီနာကျွန်းစုအသင်း၊ အုပ်စု(B)၌ အိမ်ရှင်မွန်ဂိုလီးယား၊ တရုတ်(တိုင်ပေ)၊ ဩစတြေးလျနှင့် ဘူတန်အသင်း၊ အုပ်စု(C)၌ အိမ်ရှင် ဗီယက်နမ်၊ ဥဇဘက်ကစ္စတန်၊ ပါလက်စတိုင်းနှင့်ဘာရိန်းအသင်း၊ အုပ်စု (D) ၌ အိမ်ရှင် စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ယူအေအီးနှင့် တာ့ခ်မင်နစ္စတန်အသင်း၊ အုပ်စု (E)၌ အိမ်ရှင် တာဂျစ်ကစ္စတန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်နှင့် အီရတ်အသင်း၊ အုပ်စု (F) ၌ အိမ်ရှင် ကာဂျစ်စတန်၊ အိန္ဒိယနှင့် မြန်မာအသင်း၊ အုပ်စု (G) ၌ အိမ်ရှင်ဂူအန်၊ လက်ဘနွန်နှင့် ဖိလစ်ပိုင်အသင်း၊ အုပ်စု (H) ၌ အိမ်ရှင်ဂျော်ဒန်၊ အီရန်နှင့်နီပေါလ်အသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့ကြသည်။

အလားတူ ဥဇဘက်ကစ္စတန်နိုင်ငံတွင် ကျင်းပမည့် ၂၀၂၄ အာရှယူ-၂၀ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင်ယူ-၂၀ အမျိုးသမီးအသင်းသည် အုပ်စု (G) တွင် ကျရောက်ခဲ့ပြီး အာရှဘောလုံးအဖွဲ့ချုပ်က ပြိုင်ပွဲကို လာမည့် ၂၀၂၃ ခုနှစ် မတ် ၄ ရက်မှ ၁၂ ရက်ထိ ကျင်းပရန်စီစဉ်ထားပြီး အာရှဒေသတွင်းမှ ပြိုင်ပွဲဝင်အသင်း ၃၁ သင်းဖြင့် အုပ်စု ရှစ်ခုခွဲ၍ ကျင်းပသွားမည်ဖြစ်ကာ အုပ်စုတစ်ခုချင်းစီမှ အုပ်စုပထမရရှိသည့်အသင်း ရှစ်သင်းအနေဖြင့် ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

ထို့နောက် ပထမအဆင့်မှ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် အသင်းရှစ်သင်းမှအကောင်းဆုံး လေးသင်းသည် နောက်ဆုံးအဆင့်သို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး ကျန်အသင်းများအနေဖြင့် ဒုတိယအဆင့်မှ စတင်ကစားရမည့်အသင်းများနှင့် ဆက်လက်ယှဉ်ပြိုင် ကစားရမည်ဖြစ်ကာ ဒုတိယအဆင့်ပွဲစဉ်များကို လာမည့်နှစ် ဇွန် ၃ ရက်မှ ၁၁ ရက်ထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ STA

# WTA Finals ပြိုင်ပွဲအုပ်စုအဆင့်တွင် စဘီယာတက်ခ် အနိုင်ရရှိ

**တက္ကဆက် နိုဝင်ဘာ ၄**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဖို့ဝေါ့တွင်ကျင်းပနေသည့် WTA Finals တင်းနစ်ပြိုင်ပွဲအုပ်စုအဆင့် ဒုတိယပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် စဘီယာတက်ခ်နှင့် ပြင်သစ်တင်းနစ်မယ် ဂါစီယာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဘီယာတက်ခ်က (၆-၃၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၁ ခုနှစ် WTA Finals တင်းနစ်ပြိုင်ပွဲကို အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည့် စဘီယာတက်ခ်အတွက် ယမန်နှစ်က ရလဒ်ဆိုးကို ကျော်ဖြတ်နိုင်ခဲ့သလို ဂါစီယာကို ပြတ်သားသည့် ရလဒ်များဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သဖြင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်သည့် လက်စွမ်းမျိုး ပြသနိုင်ခဲ့သည်။

ကမ္ဘာ့အဆင့် (၆) နေရာတွင် ရပ်တည်နေသည့် ဂါစီယာအနေဖြင့် ပုံစံကောင်းပျောက်ဆုံးခဲ့သလို ၎င်း၏အားသာချက်ဖြစ်သည့် လက်မြန်ရိုက်ချက်များသည်လည်း အမှားအယွင်းများ ရှိနေသည့်အတွက် ပြတ်သားသည့် ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

စဘီယာတက်ခ်က "ဂါစီယာဟာသူ့ရဲ့ကစားဟန်အတိုင်း ကြံ့ခိုင်မှုနဲ့ လျင်မြန်မှုကိုအသားပေးပြီး ကျွန်မကို ဖိအားပေးခဲ့ပါတယ်။ သူနဲ့ထိပ်တိုက်တွေ့ဆုံတိုင်း အခက်အခဲတွေ ရင်ဆိုင်ခဲ့ရသလိုပွဲလဲ ပန်းပါတယ်။ ဒီပွဲစဉ်မှာတော့ ကျွန်မ-အနေနဲ့သူ့ကို အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့တယ်။ အကောင်းဆုံးပြင်ဆင်ထားတဲ့အတွက် ဂါစီယာအနေနဲ့ သူ့ရဲ့ပုံစံကောင်းကို ရခဲ့မယ်ဆိုရင်တောင် ကျွန်မအနေနဲ့ အခုလိုပဲ အနိုင်ကစားနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။ AZL

# တိုက်စစ်မှူးတီမိုဝါနာ ခြေချင်းဝတ်ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်မည်



**ဘာလင် နိုဝင်ဘာ ၄**

ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် ရှက်တာဒိုးနက်အသင်းနှင့် လိုက်ပ်ဇစ်အသင်းတို့ ပွဲစဉ်တွင် လိုက်ပ်ဇစ်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ယူ၍ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သော်လည်း တိုက်စစ်မှူး တီမိုဝါနာအနေဖြင့် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ကာ လာမည့်ဒီဇင်ဘာလကုန်ထိ အနားယူရမည်ဖြစ်သောကြောင့် ဂျာမနီအသင်းနှင့် ကစားရမည့် ကမ္ဘာ့ဖလားပြိုင်ပွဲကိုပါ လွဲချော်မည်ဟု လိုက်ပ်ဇစ်အသင်းက ထုတ်ပြန်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တီမိုဝါနာသည် ရှက်တာဒိုးနက်အသင်းနှင့် ပွဲစဉ်တွင် ပွဲကစားချိန် ၁၀ မိနစ်၌ အသင်းအတွက် ဦးဆောင်ဂိုးရရှိရန် ဂိုးဖန်တီးမှုပြုလုပ်ခဲ့ပြီးနောက် ပွဲချိန် ၁၉ မိနစ်အရောက်တွင် ရှက်တာဒိုးနက် ကစားသမား တားရက်စ်နှင့်ထိခိုက်မိရာ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့၍ အသင်းဖော် ဖော့စ်ဘက်နှင့် လူစားလဲထွက်ခွာခဲ့ရပြီး ၎င်း၏ဒဏ်ရာကို စကန်ဖတ်စစ်ဆေးခဲ့ရာ အရွတ်ထိခိုက်ခဲ့သဖြင့် လာမည့် ဒီဇင်ဘာလကုန်ထိ အနားယူရမည်ဖြစ်သောကြောင့် ကလပ်အသင်း၏ ပွဲစဉ်များအပါအဝင် ဂျာမနီအသင်းနှင့်ကစားရမည့် ကမ္ဘာ့ဖလားပြိုင်ပွဲကိုပါ လွဲချော်မည်ဖြစ်သည်။

လိုက်ပ်ဇစ်အသင်း ဆေးအဖွဲ့က "ဝါနာအနေနဲ့ရှက်တာဒိုးနက်နဲ့ ပွဲစဉ်မှာ ဘယ်ဘက် ခြေချင်းဝတ်ဒဏ်ရာရခဲ့ပါတယ်။ သူ့ဒဏ်ရာကို ဒီနေ့မှာ စကန်ဖတ်စစ်ဆေးကြည့်တော့ ကံမကောင်းစွာနဲ့ပဲ အရွတ်ထိခိုက်သွားတာပါ။ ဒါကြောင့် ဒီနှစ်ကုန်ထိ အနားယူရမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

တိုက်စစ်မှူး တီမိုဝါနာသည် ပြီးခဲ့သည့် ဩဂုတ်လက ချဲလ်ဆီးအသင်းမှ လိုက်ပ်ဇစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၆ ပွဲတွင် သွင်းဂိုး ကိုးဂိုးထိ သွင်းယူ၍ ပုံစံကောင်း ပြသနိုင်ခဲ့သော်လည်း ဒဏ်ရာပြဿနာကြောင့် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်နိုင်တော့မည် မဟုတ်ကြောင်း သိရသည်။ ML

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်များ

STA

**လေဗာကူဆင် Vs ယူနီယံဘာလင်**

**ကစားမည့်ရက်/အချိန် ၆-၁၁-၂၀၂၂ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လေဗာကူဆင် ၂ - ၂ ယူနီယံဘာလင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လေဗာကူဆင်** | - | **ဧး(သရေ)** | **ဧး(ရှုံး)** | **အိမ်(သရေ)** |
| **ယူနီယံဘာလင်** | - | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **ဧး(နိုင်)** |

လေဗာဆင်အသင်းဟာ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားလို့ အခုအိမ်ကွင်းပွဲစဉ်မှာနိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။လက်ရှိယူနီယံဘာလင်အသင်းရဲ့ခြေစွမ်းပိုင်းကလဲတည်ငြိမ်နေတယ်ဆိုပေမဲ့ လေဗာကူဆင်အသင်းနဲ့တွေ့တိုင်းရုန်းကန်ရလေ့ရှိပါတယ်။ဒါကြောင့်အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့လေဗာကူဆင်အသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လေဗာကူဆင် ၂ - ၁ ယူနီယံဘာလင်**

**ဖရိုင်းဘတ် Vs ကိုလုံး**

**ကစားမည့်ရက်/အချိန် ၆-၁၁-၂၀၂၂ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကိုလုံး ၁ - ၀ ဖရိုင်းဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဖရိုင်းဘတ်** | - | **အိမ်(သရေ)** | **ဧး(နိုင်)** | **ဧး(သရေ)** |
| **ကိုလုံး** | - | **ဧး(နိုင်)** | **အိမ်(သရေ)** | **အိမ်(သရေ)** |

အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ ဖရိုင်းဘတ်အသင်းဟာ ကိုလုံးအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ ကိုလုံးအသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ ဖရိုင်းဘတ် အသင်းပဲအနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဖရိုင်းဘတ် ၂ - ၀ ကိုလုံး**

# စပိန်လာလီဂါ ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်များ

STA

**အေတီကို Vs အက်စ်ပန်ညို**

**ကစားမည့်ရက်/အချိန် ၆-၁၁-၂၀၂၂ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေတီကို ၂ - ၁ အက်စ်ပန်ညို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အေတီကို** | - | **အိမ်(သရေ)** | **ဧး(ရှုံး)** | **ဧး(ရှုံး)** |
| **အက်စ်ပန်ညို** | - | **ဧး(ရှုံး)** | **အိမ်(သရေ)** | **ဧး(သရေ)** |

ချန်ပီယံလိဂ်ပြိုင်ပွဲက ထွက်ခွာခဲ့ရတဲ့ အေတီကိုအသင်းဟာ ပြည်တွင်းလိဂ်ဘက်ကို အပြည့်အဝအာရုံစိုက်တော့မှာပါ။ အက်စ်ပန်ညိုအသင်းကလဲ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပြီး ခြေစွမ်းပိုင်းက ကျဆင်းနေပါတယ်။ ဒါကြောင့် ဖိအားတွေအောက်ကရုန်းထွက်ဖို့ မဖြစ်မနေအနိုင်ကစားမဲ့ အေတီကိုအသင်းနဲ့ပဲလက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - အေတီကို ၃ - ၁ အက်စ်ပန်ညို**

**ဆိုစီဒက် Vs ဗလင်စီယာ**

**ကစားမည့်ရက်/အချိန် ၆-၁၁-၂၀၂၂ (ည ၀၉:၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗလင်စီယာ ၀ - ၀ ဆိုစီဒက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဆိုစီဒက်** | - | **ဧး(နိုင်)** | **အိမ်(ရှုံး)** | **အိမ်(ရှုံး)** |
| **ဗလင်စီယာ** | - | **ဧး(သရေ)** | **အိမ်(ရှုံး)** | **အိမ်(ရှုံး)** |

နှစ်ပွဲဆက်ရှုံးပွဲကြုံထားတဲ့ ဆိုစီဒက်အသင်းဟာ အခုပွဲစဉ်မှာတော့ မဖြစ်မနေနိုင်ပွဲရရှိအောင်ကြိုးစားလာမှာပါ။ လက်ရှိဗလင်စီယာအသင်းရဲ့ခြေစွမ်းပိုင်းကလဲကျဆင်းနေပြီး သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပါတယ်။ ဒါကြောင့် ဒီပွဲမှာအိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ ဆိုစီဒက်အသင်းပဲရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဆိုစီဒက် ၂ - ၁ ဗလင်စီယာ**

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၆၈)

ကြည်လွင်မြင့်(မုံရွာ)

မေး ။ ။ **ဆရာကြီးခင်ဗျာ တန်ဆောင်မုန်းလပြည့်ညကို ဆေးပေါင်းတော့ညလို့ ဆိုကြပါတယ်။ မဲဇလီဖူးသုပ်လဲ စားကြပါတယ်။ ဆေးပေါင်းတောက မဲဇလီပင်တစ်မျိုးတည်းမှာပဲ ဆေးပေါင်းတောလား။ အခြားဆေးပေါင်းတော့အပင်ကော ရှိပါသလား။ မဲဇလီပင်အဖူးကို ဆွတ်ယူတဲ့နေရာမှာ နက္ခတ်ခုံအောင် အချိန်စောင့်ပြီးမှ ခူးရတယ်လို့လဲ ဆိုကြပါတယ်။ မှန်ပါသလား။ မဲဇလီဖူးကကော ဘယ်ရောဂါတွေအတွက် ဆေးဖက်ဝင်တယ်ဆိုတာ သိလိုပါတယ်။ မဲဇလီဖူးနဲ့ မတည့်တဲ့ရောဂါကော ရှိပါသလား။ ပြည့်စုံအောင် ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ ဆေးပေါင်းခတဲ့ည တန်ဆောင်မုန်းလပြည့်ည၊ ဆေးပေါင်းခတဲ့အပင်က မဲဇလီပင်လို့ ရှေးကျမ်းတွေမှာပါရှိလို့ အစဉ်အဆက် မဲဇလီဖူးခူးယူပြီး ရောဂါဘယတွေကင်းစင်အောင် အသုပ်ပြုလုပ်စားကြပါတယ်။ စားလို့ကောင်း၊ အရသာလဲရှိတဲ့အတွက် စားသုံးကြတာလဲ ပါပါတယ်။ ဆေးဖက်ဝင်အပင်ရှုထောင့်က ကြည့်မယ်ဆိုရင်တော့ မဲဇလီဖူးက ခါးတဲ့အရသာရှိပါတယ်။ အေး၊ ခါး အရသာပါ။ (သီတတေဇော အအေးဓာတ်နဲ့ ဝါယောအခါးဓာတ်တို့ ပေါင်းစပ်ပါဝင်ပါတယ်။) "အခါးဟူသမျှ လေဓာတ်ကြွသည်"တဲ့။ လေငုပ်နေတဲ့ရောဂါတွေ၊ လေမလျှောက်တဲ့ရောဂါတွေ၊ လေမသက် အနေခက်၊ လေမစုံ ငွေကုန်တဲ့ရောဂါတွေ၊ လေကြောင့်မူးဝေ နှလုံးလေရိုက်တဲ့ ရောဂါတွေ၊ လေလမ်း၊ သွေးလမ်းမပွင့်တဲ့ရောဂါတွေ၊ လေနဲ့ပတ်သက်တဲ့ ဂူလုံးရောဂါအလုံးနဲ့ ပိတ်ဆို့အန္တရာယ်ပြုတတ်တဲ့ အကျိတ်နာ၊ မြစ်ပွားနာ(ကင်ဆာရောဂါ) အပြင် လေမဆက်၊ လေငုပ်အသံဝင်၊ အသံပျက်၊ အသံမထွက်ရောဂါ၊ အသက်ရှူမဝရောဂါ အစရှိတဲ့ လေရောဂါမျိုးအတွက် ဆေးဖက်ဝင်အစားအစာအဖြစ် စားသုံးကြပါတယ်။ မဲဇလီဖူးကို ဘယ်အချိန်ခူးရမယ်ဆိုတာ နှစ်စဉ် နက္ခတ်ဗေဒင်၊ ဝေဒ ကျွမ်းကျင်တဲ့ဆရာတွေက တွက်ချက်ပေးလေ့ရှိကြပါတယ်။ သူတို့ကြေညာတဲ့အချိန်ကိုခူးရင်တော့ နက္ခတ်အကြိုက်ကျတော့ ပိုကောင်းတာပေါ့။ သူတို့ပေးတဲ့အချိန်ကို မသိရင်တော့ အကြမ်းဖျင်းအားဖြင့် ဆေးဖက်ဝင်တဲ့အချိန်ကတော့ မဲဇလီပင်ပေါ်မှာ လရောင်ကျရောက်တဲ့အချိန်မှာ ခူးဆွတ်ပါ။ အဖူးကိုပဲ ခူးဆွတ်ပါ။ အပင်အကိုင်းကို မချိုးပါနဲ့။ ဆေးပင်စောင့်နတ်က မကြိုက်ဘူးလို့ပြောတာ ကြားဖူးပါတယ်။ ရှေးလူကြီးတွေ စကားပါ။ မဲဇလီဖူးကိုခူးပြီး ရေသန့်စင်စွာဆေးပြီး ညတွင်းချင်းပြုတ်၊ သုပ်စားရပါတယ်။ ခူးပြီးတစ်နာရီအတွင်း လရောင်မှုန်းမတည့်မီ ပြုတ်၊ သုပ်စားရင် ပိုပြီးဆေးဖက်ဝင်တယ်။ အနာမျိုး ၉၆ ပါး ပျောက်ကင်းတယ်။ ကုဋေနူနာတောင် ပျောက်ကင်းပါတယ်လို့ ရှေးဟောင်းပေစာ၊ ဆေးကျမ်းတွေမှာ တွေ့ရှိပါတယ်။ အရေးကြီးတာက ရတနာသုံးပါးကို ကန်တော့ပြီးမှ စားသုံးဖို့လိုပါတယ်။

သတိပြုရန်မှာ မဲဇလီပင်နဲ့ သဘော်မဲဇလီ၊ ပွေးကိုင်းမဲဇလီ မှားတတ်ပါတယ်။ ဆေးဖက်ဝင် မဲဇလီပင်က အပင်လတ် ၁၀ ပေလောက်ထိမြင့်တဲ့ အပင်မျိုးဖြစ်ပါတယ်။ အပွင့်အဝါရောင် ဝေဆာအောင် ပွင့်ပါတယ်။ အထူးသဖြင့် တန်ဆောင်မုန်းလမှာပွင့်ပါတယ်။ သဘော်မဲဇလီမှာ အဝါရောင်အဖူးကြီးတွေထွက်ပါတယ်။ ပွေးပေါက်ရင် အဲဒီအပင်က အရွက်နဲ့ပွတ်ရလို့ ပွေးကိုင်းမဲဇလီလို့လဲခေါ်ပါတယ်။ မဲဇလီဖူးသုပ်နည်းက ဆေးပေါင်းခတဲ့အချိန်မှာ ခူးယူထားတဲ့ မဲဇလီဖူးကို မန်ကျည်းသီးအနည်းငယ်ထည့်ပြီး ပြုတ်ပေးပါ။ ရေဆူလာပြီဆိုရင်ဆယ်လိုက်ပြီး နောက်ထပ် ရေအသစ်ထည့်ပြုတ်ပါ။ နှစ်ခေါက်



ဆေးဖက်ဝင် မဲဇလီဖူးကို တွေ့ရစဉ်။

ပြုလုပ်ပေးပါ။ (အခါးကြိုက်သူတွေက တစ်ခါပဲ ပြုတ်ပါ။ ပြုတ်ပြီး ရေကုန်အောင်ဆုပ်ညှစ်ပါ။ ပြီးရင် ဆုံမှာထည့်ထောင်းပေးပါ။ ညက်လေ စားကောင်းလေပါ။ ကြက်သွန်နီ ပါးပါးလှီးပြီး နွှင်းမှုန့် အနည်းငယ်နဲ့ဆီချက်ထားပါ။ ကြက်သွန်ဖြူ ပါးပါးလှီးထားပါ။ ခရမ်းချဉ်သီးကို ပါးပါးလှီးထားပါ။ မြေပဲလှော်၊ နှမ်းလှော်ထောင်းထားပါ။ ဇလုံဒါမှမဟုတ် ပန်းကန်လုံးထဲမှာ ထောင်းထားတဲ့ မဲဇလီဖူး၊ ခရမ်းချဉ်သီး၊ ဆီချက်၊ မြေပဲ၊ နှမ်းထောင်းလေးနဲ့ ပုစွန်ခြောက်မှုန့်ကိုထည့်ပြီး ငံပြာရည်ချက်နည်းနည်း၊ အရသာမှုန့်နည်းနည်း ထည့်နယ်ပေးပါ။ နည်းနည်းစပ်စပ်လေး စားချင်ရင်တော့ ငရုတ်သီးစိမ်းလေးကို ပါးပါးလေး လှီးထည့်ပေးပါ။ တချို့က ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ ငရုတ်သီးစိမ်းမထည့်ဘဲ အဆိမ့်သုပ် သုပ်တတ်ကြပါတယ်။ ဆေးပေါင်းခမဲ့ ညအတွက် ဆေးဖက်ဝင် မဲဇလီဖူးကို ခါးဆိမ့်ဆိမ့် အရသာလေးသုပ်စားပြီး မစားမီ ဦးဦးဖျားဖျား ဖယ်ထားပြီး နံနက်လင်းရင် ဘုရားဆွမ်းတော်တင်တာ၊ အိမ်နီးချင်းသက်ကြီးရွယ်အိုတွေကို လိုက်လံပေးလှူတာတွေလဲ ပြုလုပ်လေ့ရှိကြပါတယ်။ အဲဒီလိုလိုက်လံပေးဝေတာဟာ မြန်မာ့ဓလေ့ကောင်းဖြစ်ပါတယ်။ ရောဂါဘယကင်းဝေးပါစေလို့ စိတ်ရင်းအမှန်နဲ့ ပေးဝေသူဆီကရရှိတဲ့ မဲဇလီဖူးသုပ်ကလေးဟာ ဘယ်ရောဂါမဆို ပျောက်ကင်းနိုင်ပါတယ်။

မေး ။ ။ **ဆရာကြီးရှင့် ကျွန်မအသက်က ၂၇ နှစ်ပါ။ အိမ်ထောင်သည်၊ ခြောက်နှစ်အရွယ် သားတစ်ယောက် ရှိပါတယ်။ ဆောင်းဝင်ခါနီးအခု အနည်းငယ်အေးလာရင် ဘယ်ဘက်လက်မောင်းက ကြိုးစည်းထားရသလိုတင်းပြီး အသားထဲကနေ အောင့်နေပါတယ်။ အကိုက်အခဲပျောက်ဆေးသောက်ရင် အနည်းငယ် သက်သာပါတယ်။ အဝတ်လျှော်လို့ အဝတ်တွေရေညှစ်ရင်လဲ ပြန်ဖြစ်ပါတယ်။ ဆောင်းရာသီကုန်တဲ့ထိ ဝေဒနာခံစားရပါတယ်။ ဖြစ်နေတာ သုံးနှစ်လောက်တော့ရှိနေပါပြီ။ မြန်မာဆေးနဲ့ သက်သာပျောက်ကင်းအောင် ဆရာကြီး လမ်းညွှန်ပေးပါ။**

ဖြေ ။ ။ လက်မောင်းရင်းက အကြောရောင်လို့ ဖြစ်နိုင်ပါတယ်။ ဝံအူမြစ်၊ တောရှောက်မြစ်တွေ သွေးလိမ်းကြည့်ပါ။ လက်မောင်းကိုက်တဲ့အခါ ဘယ်ဘက်ရင်ဘတ်ပါ အောင့်ရင်တော့ နှလုံးသွေးကြောပိတ်ရောဂါဖြစ်တတ်ပါတယ်။ တတ်ကျွမ်းနားလည်တဲ့ သမားတော်ကို ပြသင့်ပါတယ်။ ဝမ်းတွင်းသားနဲ့ မြေထွက်ဥတွေ ရှောင်ကြဉ်ပါ။ ဘယ်ဘက်လက်ကို တစ်ဖက်သတ် ဖိအိပ်တာလဲ ရှောင်ကြဉ်ပါ။ အကြောလိမ်းဆေးမှာ မုန်ညင်းဆီထဲ ချင်းတက်အနည်းငယ် ထုခြေထည့်ပြီး မီးနဲ့ချက်လိမ်းတာလဲ ကောင်းပါတယ်။

မေး ။ ။ **မင်္ဂလာပါဆရာ။ ကျွန်တော့်အသက် ၄၂ နှစ်ပါ။ ကျွန်တော်က မွန်ပြည်နယ် ရေးမြို့နယ်ကပါ။ ကျွန်တော်ကပိန်ပိန်သေးသေးလေးပါဆရာ။ ကျွန်တော် ခါးနာတာကတော့ အသက် ၂၅ နှစ်ကတည်းကပါ။ အဲဒီတုန်းကတော့ နည်းနည်း နာတာပါ။ ငယ်ငယ်က ခြံလုပ်တော့ ကွမ်းပင်ပေါ်ကနေ လျှောတိုက်ပြီး တင်ပါးနဲ့ကျတာပါ။ ပြီးတော့ ခါးနာလို့ ခါးလှန်ရိုးတော့ နည်းနည်းသက်သာသွားတယ်ဆရာ။ မင်းအဲဒီလိုအမြဲလုပ်နေရင် ခါးကမသက်သာတဲ့အပြင် ပိုဆိုးလာမယ်လို့ ပြောပါတယ်။ ဟုတ်ပါတယ်ဆရာ။ အခုဆို အာရုံကြောဆေး မသောက်ရင်မနေနိုင်တော့ဘူးဆရာ။ ၂၀၁၅ ခုနှစ်လောက်က ရန်ကုန်က အရိုးအကြောအထူးကုနဲ့ပြတော့ နာတာကြာပြီလားလို့မေးပါတယ်ဆရာ။ ဟုတ်ကဲ့ပါဆရာဆိုတော့ ခြေထောက်တစ်ချောင်းစီကို အိပ်လျက်မြှောက်ခိုင်းပြီး နာတော့အကြောညပ်တာလို့ပြောပါတယ်ဆရာ။ သေချာအောင် ဓာတ်မှန်ရိုက်ကြည့်လို့ ပြောပါတယ်။ ဓာတ်မှန်ရိုက်ခက သုံးသိန်းဆိုတော့ ကျွန်တော်လဲ မရိုက်နိုင်တာနဲ့ ဆရာ့သောက်ဆေးပဲ တစ်လစာပေးပါလို့ ပြောပြီးပြန်လာခဲ့တယ်ဆရာ။ ဆေးကုန်တော့ ကျွန်တော်တို့မြို့က ဆေးဆိုင်မှာ အဲဒီဆေးမျိုးပဲ မှာသောက်နေတာ အခုထိပဲ ဆရာ။ အခုဆေးမသောက်ရင် အလုပ်မလုပ်နိုင်တော့ဘူးဆရာ။ တစ်ခါကတော့ မော်လမြိုင်က အရိုးအကြောဆရာဝန်နဲ့ သွားပြဖြစ်တော့ ဓာတ်မှန်ရိုက်ပြီး မင်းဖြစ်တာကြာနေပြီ အကြောညပ်တာတဲ့။ အဲဒါနဲ့ ခါးဆစ်ထဲကို ဆေးထိုးထည့်တယ်ဆရာ။ မသက်သာဘူးဆရာ။ ခွဲရမယ်လို့ ပြောတယ်။ အမေတို့က ပေးမခွဲချင်ဘူးဆရာ။ သူငယ်ချင်းတစ်ယောက် ခါးခွဲတာမကောင်းတဲ့အပြင် အောက်ပိုင်းပါ သေသွားလို့ပါ။ ပြီးတော့ ကျွန်တော့်အလုပ်ကလဲ ကားမောင်းတာဆိုတော့ ခွဲလို့ အဆင်မပြေဘူးလေ။ ဆရာ့ကိုလာပြဖို့ကလဲ တအားဝေးနေတော့ ဘယ်လို လုပ်ရမလဲဆရာ။ သောက်ဆေးတွေကတော့ Ly-rigab 75 mg ရယ်၊ neogab 100 mg. zicam 15 mg တွေပါဆရာ။ ခြေထောက်တွေတော့ ဘာမှမဖြစ်ဘူးဆရာ။ ခါးတစ်ပြင်လုံးပဲနာတာပါ။ ကျေးဇူးပြုပြီးအကြောင်းပြန်ပေးပါအုံးဆရာ။**

ဖြေ ။ ။ ခါးရိုးဆစ်မှာ အကြောညပ်တာကြာပြီး အနေအထား မမှန်တာကြာတဲ့အခါ ခါးရိုးဆစ် ကျိုးပေါင်းတက်သွားတတ်ပါတယ်။ အကြောညပ်တာကို ခွဲစိတ်ကုသလို့ရပေမဲ့ ခါးရိုးဆစ်အနေအထားပျက်ယွင်းပြီး ကျိုးပေါင်းဖြစ်သွားတာကို ကုသဖို့ခက်ခဲပါတယ်။ သစ်ပင်တွေ ကောက်ကွေးပြီးပေါက်တဲ့အခါ ခွဆုံမှာ ကျိုးပေါင်းတက်လာသလိုပေါ့။ ကျိုးပေါင်းဆိုတာ ကြာလေမာလေ အမျိုးအစားဖြစ်ပါတယ်။ အာရုံကြောကျွမ်းကျင်တဲ့ ဆရာဝန် ဒါမှမဟုတ် နာမည်ကျော်ကြားတဲ့ တိုင်းရင်းဆေး အကြောပြင် ဆရာသမားတော်တွေပြသပြီး မှန်ကန်သင့်တော်တဲ့ လေ့ကျင့်ခန်းပြုလုပ်တာ၊ ခါးဆွဲတာ၊ ခါးကို အဆီလိမ်းတာ၊ ကြပ်ထုပ်ထိုးတာ၊ ဆေးအုံ၊ ဆေးလိမ်း၊ ဆေးစည်းကုသတာတွေ ပြုလုပ်ရင် ပြန်လည်ကောင်းမွန်သက်သာလာနိုင်တယ်လို့ ထင်မြင်ပါတယ်။ မိမိနေထိုင်ရာမြို့အပြင် အခြားမြို့ကြီးတွေကနေ ကုသမှုမှာထင်ရှားတဲ့ အကြောအဆစ်ကု ဆရာတွေစုံစမ်းရှာဖွေ ကုသကြည့်ပါလို့ အကြံပြုလိုပါတယ်။ တိုင်းရင်းဆေးမှာ ဆီလိမ်းတာနဲ့ ကြပ်ထုပ်ထိုးတာဟာ အကြောအဆစ်အတွက် သက်သာပျောက်ကင်းစေဖို့ မမှားနိုင်တဲ့ ကုထုံးတွေဖြစ်ပါတယ်။ မိမိအိမ်မှာပဲ နေရင်း ပြုလုပ်လို့ရနိုင်တာမို့ ဆီလိမ်းတာနဲ့ ကြပ်ထုပ်ထိုးတဲ့အကြောင်းတွေကို လေ့လာကြည့်ပါ။

# ပန်းချီဆရာ ခြောက်ဦး၏ ပန်းချီကား ၃၀ ကို အွန်လိုင်းပြပွဲပြုလုပ်၍ လေလံစနစ်ဖြင့် ရောင်းချမည်



**ရန်ကုန် နိုဝင်ဘာ ၄**

ပန်းချီဆရာ ခြောက်ဦး၏ စိတ်ကြိုက်ရေးဆွဲထားသည့် ပန်းချီကား ၃၀ ကို အွန်လိုင်းပြပွဲ ပြုလုပ်၍ အွန်လိုင်းလေလံစနစ်ဖြင့် ရောင်းချ ပေးမည်ဖြစ်ကြောင်း အဆိုပါ အွန်လိုင်းပန်းချီပြပွဲကို ဦးဆောင်ပြုလုပ်မည့် ပန်းချီ လှသက်အောင်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းချီကား ၃၀ ကို နိုဝင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၁၀ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ZEC Art Studio & Gallery တွင် အွန်လိုင်းပြပွဲ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ပန်းချီကားတစ်ချပ်ချင်းစီကို ကြမ်းခင်းဈေးများဖော်ပြကာ အွန်လိုင်းမှ ညစဉ် ည ၈ နာရီမှ ည ၁၀ နာရီထိ လေလံတင်သွားမည်ဖြစ်ကြောင်း၊ ပြပွဲပြီးဆုံးသည့် နိုဝင်ဘာ ၁၀ ရက် ည ၁၀ နာရီတွင် ပန်းချီကားအားလုံး၏ လေလံဈေးကို ပိတ်သိမ်းပြီး အများဆုံးဈေးပေးထားသူကို လေလံအောင်သူအဖြစ် သတ်မှတ်ကာ ပန်းချီကားကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ လူငယ်မျက်နှာသစ် ပန်းချီဆရာတွေစုပြီးတော့ ZEC Art Studio & Gallery ကနေ အွန်လိုင်းပြပွဲ လုပ်ပါ့မယ်။ ပြခန်းနဲ့စီစဉ်ပြီးတော့ ပန်းချီကားအားလုံးကို လေလံစနစ်နဲ့ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ ကြမ်းခင်းဈေးကတော့ ပန်းချီကားတစ်ချပ်ကို အနည်းဆုံး ငွေကျပ်ငါးသောင်း သတ်မှတ်ထားပါတယ်။ တချို့ပန်းချီကားတွေကတော့ ငွေကျပ်တစ်သိန်း၊ နှစ်သိန်း ရှိပါတယ်။ အများဆုံးကတော့ ကြမ်းခင်းဈေး ငွေကျပ် ငါးသိန်း သတ်မှတ်ထားတဲ့ ပန်းချီကားလဲပါပါလိမ့်မယ်"ဟု ပန်းချီ လှသက်အောင်က ပြောပြသည်။

အဆိုပါ အွန်လိုင်းပြပွဲတွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ် (ရန်ကုန်နှင့်မန္တလေး)မှ ကျောင်းဆင်း လူငယ်ပန်းချီဆရာများဖြစ်ကြသည့် ပန်းချီငြိမ်းစု၊ ပန်းချီလှသက်အောင်၊ ပန်းချီလုမာ၊ ပန်းချီဇာဇာမြင့်၊ ပန်းချီယဉ်မင်းပိုက်၊ ပန်းချီငြိမ်းသွဲ့ကိုတို့၏ ရေဆေး၊ ဆီဆေးအပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကား ၃၀ ပြသသွားမည်ဖြစ်ကြောင်း၊ ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံ ပန်းချီကားများ ဖြစ်ကြောင်း သိရသည်။

ASH

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်ဦးရေ ၅၀ ကို လစဉ်ပံ့ပိုးငွေများ ထုတ်ပေး

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်ဦးရေ ၅၀ ကို လစဉ်ပံ့ပိုးငွေများ ထုတ်ပေးလျက်ရှိရာ နိုဝင်ဘာ ၃ ရက်က အောက်တိုဘာလအတွက် သက်ကြီးရုပ်ရှင်ပညာရှင်များ ပံ့ပိုးငွေကို ရုပ်ရှင်အစည်းအရုံးတွင် စတင်ထုတ်ပေးနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးရုပ်ရှင်ပညာရှင်များအား လစဉ်ပံ့ပိုးငွေအဖြစ် သက်ကြီးရုပ်ရှင်ပညာရှင်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကို လစဉ်ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အလှူအသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို အခါအားလျော်စွာ ပံ့ပိုးငွေများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။



"သက်ကြီးရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ် ပံ့ပိုးပေးလျက်ရှိပါတယ်။ နိုဝင်ဘာ ၃ ရက်က စတင်ပြီး အောက်တိုဘာလအတွက် ပံ့ပိုးငွေတွေကို ထုတ်ပေးနေတာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

ASH

# စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များကန်တော့ပွဲ ကျင်းပသွားမည်

**ရန်ကုန် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် သက်ကြီးစာပေပညာရှင်များကန်တော့ပွဲကို ဒီဇင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင် (စာရေးဆရာ မောင်ငြိမ်းသူ- ကြို့ပင်ကောက်) က ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းအနေဖြင့် ယခင် စာပေလုပ်သားအဖွဲ့၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကာလများကတည်းက နှစ်စဉ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲများကို ကျင်းပခဲ့ရာ လာမည့် ဒီဇင်ဘာလတွင် (၃၅) ကြိမ်မြောက်အဖြစ် သက်ကြီး စာပေပညာရှင်များ ကန်တော့ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ သက်ကြီး စာပေပညာရှင်ကြီးတွေကို နှစ်စဉ် ကန်တော့ခဲ့ကြတာ လာမဲ့ ဒီဇင်ဘာလမှာကျင်းပမဲ့ သက်ကြီး ကန်တော့ပွဲဆိုရင် အကြိမ်အားဖြင့် (၃၅) ကြိမ်မြောက်ထိ ရှိလာတော့မှာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်မှာ (၃၄) ကြိမ်မြောက်ကန်တော့ပွဲ ကျင်းပပြီးတဲ့နောက် ကိုဗစ်ကြောင့် နှစ်နှစ်တာ ရပ်နားထားရပါတယ်။ ဒီနှစ်မှာတော့ ရန်ကုန်မြို့တော်ခန်းမမှာ ကျင်းပမှာဖြစ်ပါတယ်"ဟု ဦးညွန့်တင်က ပြောပြသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင် အသင်းခွဲပေါင်း ၂၀၀ ကျော်နှင့် အသင်းဝင်ပေါင်း ၅၀၀၀ ကျော်ရှိပြီး အသင်းဝင် သက်ကြီးသူများကို ကန်တော့ခြင်း မဟုတ်ဘဲ စာပေစံသတ်မှတ်ချက်နှင့်ညီညွတ်သည့် အသက် ၈၀ နှင့်အထက် စာပေပညာရှင်များကို ကန်တော့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ (၃၅) ကြိမ်မြောက် သက်ကြီးစာပေပညာရှင် ကန်တော့ပွဲအတွက် စာပေလောကသားများ၊ စေတနာရှင်၊ အလှူရှင်များ၏ လာရောက်လှူဒါန်းသော အလှူငွေများကို လက်ခံလျက်ရှိပြီး ယခုနှစ်တွင် သက်ကြီးစာပေပညာရှင် တစ်ဦးလျှင် ကန်တော့ငွေကျပ် ၁၅၀၀၀၀ နှင့် ကန်တော့ပစ္စည်းမျိုးစုံတို့ကို ဂါရဝပြုကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Your Name ဇာတ်ကားကို ဒါရိုက်တာ ကားလို့လိုပက်အက်စထရာဒါ ရိုက်ကူးမည်

**နယူးယောက် နိုဝင်ဘာ ၄**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Your Name အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို မက္ကဆီကိုဒါရိုက်တာ ကားလို့လိုပက်အက်စထရာဒါ က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၃ ရက်တွင် ရေးသားတင်ပြထားသည်။

Your Name ဇာတ်ကားသည် ကမ္ဘာကျော် ဂျပန်ကာတွန်းရုပ်ရှင်ဇာတ်ကား Your Name (2016) ကို ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် ထူးဆန်းစွာပင် ရုပ်ခန္ဓာများပြောင်းနိုင်သော ကျောင်းသားတစ်ဦးနှင့်ကျောင်းသူတစ်ဦးတို့၏ စွန့်စားခန်းများကို ပုံဖော်မည်ဖြစ်ကြောင်း၊ Your Name ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ လိုပက်အက်စထရာဒါက တာဝန်ယူရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါဇာတ်ကား ရိုက်ကူးမည့်အချိန်နှင့် ပါဝင်မည့်သရုပ်ဆောင်များစာရင်းကို Paramount ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

ဒါရိုက်တာ ကားလို့လိုပက်အက်စထရာဒါသည် ဒစ္စနီရုပ်ရှင်ကုမ္ပဏီ၏ ကမ္ဘာကျော် Robin Hood ကာတွန်းဇာတ်ကားကိုလည်း ရုပ်ရှင်အဖြစ်ရိုက်ကူးရန် စီစဉ်ထားကြောင်း သိရသည်။

KKO



# Dust Bunny ဇာတ်ကားအတွက် မစ်ကယ်ဆန်နှင့် ဘရိုင်ယန်ဖူးလားတို့ လက်တွဲမည်ဖြစ်

**နယူးယောက် နိုဝင်ဘာ ၄**

Dust Bunny အမည်ရှိ ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကားအတွက် ဒိန်းမတ်မင်းသား မစ်ကယ်ဆန်နှင့် အမေရိကန်ထုတ်လုပ်သူ ဘရိုင်ယန်ဖူးလားတို့ ထပ်မံလက်တွဲပူးပေါင်းမည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၃ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားကို ဘရိုင်ယန်ဖူးလားက ကိုယ်တိုင်ဇာတ်ညွှန်းရေး၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်ပြီး မင်းသား မစ်ကယ်ဆန်က အဓိကသရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်မည်ဖြစ်သည်။

Dust Bunny ဇာတ်ကားသည် ဘရိုင်ယန်ဖူးလားအတွက် ဒါရိုက်တာအဖြစ် ပထမဆုံးရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး အိပ်ရာအောက်မှ မိစ္ဆာတစ်ကောင်က ၎င်း၏မိသားစုဝင်များကို သတ်ဖြတ်စားသောက်ခဲ့ကြောင်း ယုံကြည်နေသည့် အသက် ၁၆ နှစ်အရွယ် မိန်းကလေးတစ်ဦး၏အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အမေရိကန်ထုတ်လုပ်သူ ဘရိုင်ယန်ဖူးလားနှင့် မင်းသား မစ်ကယ်ဆန်တို့သည် NBC ရုပ်သံလိုင်း၏ Hannibal ဇာတ်လမ်းတွဲ၌ အတူလက်တွဲခဲ့ဖူးသူများဖြစ်ကြောင်း သိရသည်။ KKO



# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks and families of Dawei Station, Coastal Region Command



Senior General Min Aung Hlaing meets Tatmadaw members and families of Dawei Station.

**Nay Pyi Taw November 4**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Moe Aung and wife, senior military officers from Office of Commander-in-Chief and their wives, Commander of Coastal Region Command Maj-Gen Saw Than Hlaing and officials, met officers, other ranks and families of Dawei Station of the Command.

**Political developments**

In his speech, the Senior General explained the Tatmadaw's assumption of State duties after declaring the State of emergency due to the national requirement, different administrative systems of the successive periods and the endeavours of Tatmadaw to steer the nation on the path to multiparty democracy and political developments of the country.

**Strengthen defense capacity through efforts**

The Senior General said the Tatmadaw's main duty is national defence. As it is now shouldering the State duties, the Tatmadaw is also working for national peace and stability and progress. Every Tatmadaw member must undergo continuous training to enhance individual capability so that Tatmadaw will become powerful. Throughout the successive periods, efforts have been made to develop human resources of Tatmadaw, to equip it with modern weapons and skills to use them. As defence capacity building is an international practice, Myanmar should exert ongoing efforts to enhance its defence prowess. Training must be conducted to promote the existing human resources, fire power and capability to meet the advancing technology of the era. If every soldier is always dutiful and undergoes daily training well individual capability will improve. Military alertness and awareness is also a requisite.

**Adopt a proper living style**

Tatmadaw has looked into the basic needs of every soldier to live a contented life in accord with his status and facilitated the staff affairs to the most possible degree. Hence, soldiers should exercise self-control in using their rights. The success of unit-run farming will provide food and manageable-scale farming will also contribute to supporting to food supply as a means. Soldiers must strike a balance between their income and expense and must spend wisely.

**Education must be considered as priority**

Besides, knowledge-feeding literature is to be studied for being rich in individual knowledge and education of our children must be encouraged as well. There will be difficulties for improvement of our socio-economic life as knowledge will be weak if there will be weakness in education. Therefore, it is to hand down proper education to our children. Literary knowledge worth to be learned must be given to them not only

*See Page 14*



Senior General Min Aung Hlaing cordially greets Tatmadaw members and families of Dawei Station.



Senior General Min Aung Hlaing comforts a patient at the regional military hospital.



Daw Kyu Kyu Hla visits a patient at the regional military hospital.

# SAC Chairman Prime Minister Senior General Min Aung Hlaing meets micro, small and medium scale enterprises (MSME) businesspersons from Dawei District in Taninthayi Region



Senior General Min Aung Hlaing meets MSME entrepreneurs in Dawei District.

**Nay Pyi Taw November 4**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, this afternoon, met with businesspersons of micro, small and medium scale enterprises (MSME) in Dawei District of Taninthayi Region at the town hall of Dawei to talk about economic development measures.

Also present at the meeting were Council Joint Secretary Lt-Gen Ye Win Oo, Council member Jeng Phang Naw Taung, Union Ministers U Win Shein, Dr Kan Zaw, U Hla Moe, U Khin Maung Yi, Dr Charlie Than and U Aung Naing Oo, Taninthayi Region Chief Minister U Myat Ko, senior military officers from the Office of the Commander-in-Chief, the commander of Coastal Region Command and officials, members of the region government and MSME businesspersons.

### Individual reports on requirement for economic development

First, the Taninthayi Region Chief Minister reported on salient points of the region, implementation of MSMEs in the region, manufacturing of industrials, assistance for improvement of MSME and conducting of on-job training, development of oil production, progress of agriculture and livestock farms, and sufficient electrification of MSMEs.

Then, Chairman of Dawei District Rubber Growers and Producers Association Dr Yu Sein, Aungzabu cocoa saplings and cocoa value-added product industry owner U Nay Lin Aung, Secretary of Dawei District Areca Nut Entrepreneurs Association U Phyo Paing Oo, proprietor of Awzar Min natural fertilizer plant U Soe Htet Aung, member of Shwe Okaw Dawei District Traditional Weaving Committee U Nay Min, marine product entrepreneur U Aung Win of Dawei District, marine product and value-added domestic goods entrepreneur U Aung Min Naing, value-added rubber product industry owner U Naw Aung, Chair of Myanmar Hotelier Association (Taninthayi Zone) U Kyaw Win and those present reported on cultivation and production of rubber in Dawei District and exportation, efforts for increasing rubber production, needs of loans with soft interest to manufacture value-added products, cultivation of industrial crops and manufacturing, production of natural fertilizer, running of looms, production of marine products, needs to ease restrictions for inshore trawlers, establishment of an industrial zone in Dawei region for MSME industries, manufacturing value-added rubber products, needs of easing restrictions for tourism development, and other requirements for improvement of local businesses.

### Clarifications of Union ministers in relevant sectors

In response to individual reports of businesspersons, Union ministers U Win Shein, Dr Kan Zaw, U Hla Moe, U Khin Maung Yi, Dr Charlie Than and U Aung Naing Oo discussed implementation of projects by respective ministries, disbursement of loans by the State with soft interests in set periods for businesses and plans to coordinate the disbursement of loans from the reports to allow them under the rules, needs to pay back the debt by borrower businesspersons to the State in the designated periods for ensuring the money circulation of the State so as to develop the economic sector, formation of cooperative societies and assistance for them to increase incomes of rural people and to develop the rural people, formation of cooperative societies for successful carrying out of agricultural tasks and fulfillment of needs of farmers through the contract farming system, needs to conserve valuable mangrove forests for the fishery sector, conservation of rattan plants for increasing incomes of local people, necessary assistance of relevant ministries for ensuring smooth process of trading domestic products, issuance of announcements for providing trade information in time, and other sectors. Then, the Region Chief Minister discussed plans to fulfill the needs of MSMEs in Dawei District.

### MSME development in Dawei District

Speaking on the occasion, the Senior General said his meetings with the MSME entrepreneurs were aimed at promoting national enterprises. Depending on reports of requirements, fulfilments were made and instructions left for other necessities. In the past, various economic systems were adopted in the country, and there were successes as well as failures. In its time, the Tatmadaw government exercised market economy. As our country is taking the path to multi-party democracy, it is necessary to continue exercising market economy. Without much encouragement of domestic manufacturing, the country saw large trade deficits. Our country has already had a lot of good prospects for achieving success in national economy. Foreign exchange can be spent through foreign loans, foreign cash assistance and income from non-trade activities. When we took office, we faced a lot of difficulties, but managed to overcome and promote domestic economy. Agricultural and livestock activities were allowed during the Covid-19 period to ensure business operations without cessation. So, there was no harm to domestic sufficiency. Agriculture and livestock breeding is the most viable business in our country. The reason we are encouraging MSMEs is to promote national economy, substitute imports and export local products.

### Boost production by effectively using regional and domestic raw materials

Taninthayi Region is thriving with rubber plantations. Quality production of tyres motor cars and motorcycle and shoes from rubber products with the use of modern technology will further benefit the region. Likewise, use of raw materials from other regions to produce consumer goods will encourage domestic economy and reduce imports. MSMEs will develop if they can manufacture consumer goods and finished goods including pulp from bamboo and wood for both domestic needs and exports. The State will provide necessary assistance for the development of businesses in Dawei. Use of raw materials from inside the country will ensure the strongest business for the manufacturing sector. Apart from the extraction of marine resources, it is also necessary to make the fishery industry a success. By producing animal food from regional agricultural products, other livestock breeding tasks can be successfully carried out. Businesses can be run to produce leather from livestock breeding and other leather products. As there is large space to grow coconut, coconut plantations can be launched to manufacture value-added coconut products. This is why all are urged to operate manufacturing businesses till success is achieved by using regionally produced agricultural and livestock raw materials.

### Necessary for raw materials, investment, technology and human resources

Measures are being taken to resume the Dawei Special Economic Zone project that halted for various reasons. Raw materials, capital, technology and human resources are required for the success of manufacturing businesses. For market availability, fine quality and attractive packaging of goods are necessary. When it comes to capital, the State will provide loans with prescribed interest rates. Intelligent human resources are required for the production of value-added goods. Only educational encouragement will generate rich human resources regionally and nationally. Therefore, even individuals should pay attention to education.



Senior General Min Aung Hlaing views a display of agricultural products.

### Making tourism and trade activities easy, fast and smooth

As it was found that foreign tourists are entering

*See Page 14*


Senior General Min Aung Hlaing and wife make cash donation for the pagoda.

*From Page 12*

for grade promotion but for improvement of knowledge. For this, we, individually, have to study and learn so that we could share knowledge and need to nurture our children in order that they will be better than us.

As for Tatmadaw members, they need to correctly and dutifully discharge their assigned duties and to keep in mind that their act of taking duties is for the State and the Tatmadaw. The prestige of our Tatmadaw must be promoted through individually disciplined behavior and capabilities.

**Foodstuff and cash bonus presented**

Afterwards, the Senior General presented foodstuff for officers, other ranks and their families through an official of the cantonment and the wife of the Senior General cash bonus for the maternal and children welfare association of the cantonment through the wife of the commandant of the regional infantry division.

After the meeting, the Senior General and party cordially greeted the officers, other ranks and their families.

Then, the Senior General and wife and party visited officers, other ranks and their families receiving medical treatment at the regional military hospital in Dawei and encouraged and presented them with foodstuffs.

On 3 November, the Senior General, his wife and party, accompanied by officials, went and paid homage to Shwe Taung Sar Pagoda, the pride of Dawei.

Chairman of the Pagoda Board of Trustees U Tun Kyi and members welcomed them at the pagoda. The Senior General signed in the visitor's record book of the pagoda. The Senior General and wife donated cash for the pagoda. 100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects Dawei Special Economic Zone and Deep Sea Port projects

**Nay Pyi Taw November 4**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Joint Secretary Lt-Gen Ye Win Oo and Member Jeng Phang Naw Taung of the SAC, union ministers, Chief Minister U Myat Ko of Taninthayi Region, senior officers from the Office of the Commander-in-Chief of Defence Services, Commander of Coastal Region Command Maj-Gen Saw Than Hlaing and officials, inspected Dawei Special Economic Zone and Deep Sea Port projects in Nabule area, 17-mile northwest of Dawei in Taninthayi Region, this morning.

At the briefing hall of the project, Union Minister for Commerce U Aung Naing Oo and Chairman U Aung Soe of Dawei Special Economic Zone Management Committee reported to the Senior General on initial implementation of the projects, development delays due to various reasons, jetties, factories and buildings which have been completed or under construction or planned in the zone area, and requirements and future tasks for resumption of the projects.

After hearing the reports, the Senior General said, "The special economic zone is a project beneficial not only for the country but also for the international community." The Senior General also pointed out the needs to implement the projects successfully as goods to be distributed to South Asia and the Gulf region can be transported by East Asian countries to Dawei Deep Sea Port by using a major port in Vietnam while goods from Western countries can be transported from Dawei Deep Sea Port to East Asian countries, to carry out systematic maintenance tasks for completed buildings in the project zone for their durability and to resume the project after tackling issues by the relevant committee.


Senior General Min Aung Hlaing hears report on initial implementation of Dawei SEZ and deep-sea port projects.

Then, the Senior General discussed and exchanged views on resumption of the projects with union ministers and senior Tatmadaw officers and studied the scaled model of the projects before giving necessary instructions.

Afterwards, the Senior General and party inspected the sites for construction of the special economic zone and the deep sea port and attended to the needs. 100

*From Page 13*

the Dawei area through the border, the local administrative organizations and locals acted responsibly and aggressively. Similarly, only when the area is stable and peaceful will the number of visitors to the area increase. They must work all round for the rule of law and stability. Only guests come to a happy house, we will be able to develop the tourism industry by working around stability and peace, the cleanliness and beauty of the area. We will be able to develop the tourism industry by working around stability and peace. In order to make tourism and trade activities easy, fast and smooth, preparations are being made in advance for the construction of a railway to the Dawei area.

The consumption of fuel also needs to reduce and the country has to spend foreign currency to import fuel from abroad. If we can carry out transportation activities that use electric power, we will be able to reduce fuel consumption a lot. If fuel consumption can be reduced, the use of foreign currency will be reduced.

At present, the domestic economy is improving, and if we continue to make efforts, it will improve further. That is why we are encouraging MSMEs that are engaged in manufacturing activities. For the development of the country's economy, we must encourage the economy of the rural people who are engaged in agricultural and livestock activities. Through this, financial circulation will improve and the country's economy will increase. Two political processes: strengthening the multi-party democratic system full of genuine discipline and building a union based on democracy and federal system, have established and two national processes: national prosperity and food security, have established.

The locals must make efforts for the development of Dawei area. They must use raw materials from the area to successfully carry out manufacturing activities. The state will also provide necessary support. The Senior General urged everyone to work together to improve manufacturing.

After that, the Chairman of the State Administration Council Prime Minister cordially greeted entrepreneurs from Micro, Small and Medium Enterprise (MSME) in Dawei District.

After that, the Chairman of the State Administration Council Prime Minister studied with interest in the displays of products such as food, consumer goods, industrial products, traditional craft products, clothes, and traditional medicines, and inquired about the market conditions. The entrepreneurs explained the Senior General in each sector.

After that, it was reported that the Chairman of the State Administration Council Prime Minister and members toured along Strand Road in Dawei in vehicles. 100

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၁ ရက်ထိ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၅၉ သန်း ရရှိခဲ့



**နေပြည်တော် နိုဝင်ဘာ ၄**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၁ ရက်ထိ ရခိုင်ပြည်နယ် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၅၉ သန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ရခိုင်ပြည်နယ်ရှိ မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းက ပြည်ပသို့ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှစ်စဉ်ကုန်သွယ်မှု ပိုငွေရရှိအောင် ဆောင်ရွက်နိုင်သည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖြစ်ပြီး ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၁ ရက်ထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၀၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ရာ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၈၃ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၄ သန်းဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၅၉ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၀၄ သန်း ဆောင်ရွက်ခဲ့ရာတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၅၈ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၆ သန်းဖြင့်ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၁၂ သန်း၊ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ မိနီဘတ်ဂျက်ကာလတွင်လည်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈၅၄ သန်း ဆောင်ရွက်နိုင်ခဲ့ရာ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၉၁ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၃ သန်းဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၂၈ သန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သိရသည်။

SKL

# ကွမ်းလုံမြို့နယ် ကုန်းညောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွမ်းလုံ နိုဝင်ဘာ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွမ်းလုံမြို့နယ်ရှိ ကုန်းညောင်ကျေးရွာနှင့် အောင်မင်္ဂလာကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများ သတ္တမအကြိမ်ထုတ်ချေးခြင်းကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ကုန်းညောင်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး မိသားစုဝင်ငွေတိုးပွားလာစေနိုင်မည်ဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာ၏ပကတိလိုအပ်ချက်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက ချေးငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကွမ်းလုံမြို့နယ် ကုန်းညောင်၊ အောင်မင်္ဂလာကျေးရွာများမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးအတွက် ငွေကျပ် ၁၄၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးအတွက် ငွေကျပ် ၅၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးအတွက် ငွေကျပ် ၁၉၉ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးအတွက် ငွေကျပ် ၁၀၈ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၇ ဦးအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀၇ သိန်းကို မြစိမ်းရောင်ကျေးရွာကော်မတီဝင်များက ထုတ်ချေးပေးခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# တန့်ယန်းမြို့နယ် ပုံဟောင်းခုန်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**တန့်ယန်း နိုဝင်ဘာ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် နားဟုတ်ကျေးရွာအုပ်စု၊ ပုံဟောင်းခုန်ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှု အခြေအနေများကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပုံဟောင်းခုန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေတို့ဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ ပုံဟောင်းခုန်ကျေးရွာ၌ အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၆၁ သိန်း၊ စုစုပေါင်းငွေကျပ် ၁၆၁ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းထံမှ သိရသည်။

**နိုလာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၄-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၁၀၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွှေဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၉၀၀၀/၁၀၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၉၀၀၀/၁၀၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၆၈၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၁၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၈၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာ စကားပြောကြားသည်။

### နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့တွေ့ဆုံ အမှာစကားပြောကြား ရာတွင် နိုင်ငံတော်တွင် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်က နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့် အခြေအနေများ၊ ခေတ်အဆက်ဆက် အုပ်ချုပ်ပုံစနစ်များ ပြောင်းလဲခဲ့မှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်က ဆောင်ရွက်ပေးခဲ့သည့်အခြေအနေများ၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဦးစွာ ရှင်းလင်းပြောကြားသည်။

### ကာကွယ်ရေးစွမ်းပကားမြင့်မားစေရေး ကြိုးပမ်းတည်ဆောက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရန်ဖြစ်ကြောင်း၊ သို့သော်လည်း လက်ရှိအချိန်တွင် နိုင်ငံတော်၏တာဝန်များ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။**

ကိုပါ တာဝန်ယူထိန်းသိမ်းဆောင်ရွက်နေရခြင်းဖြစ်သဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း ဆောင်ရွက်နေရကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်ရေးအတွက် တပ်မတော်သားများအနေဖြင့် မိမိတို့ တစ်ဦးချင်း၏စွမ်းရည်များ တိုးတက်အောင် အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်ကို လူစွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီလက်နက် ကိရိယာများ ပိုင်ဆိုင်နိုင်ရေးနှင့် ကျွမ်းကျင်စွာအသုံးပြုတတ်စေရေး ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ **နိုင်ငံတိုင်းတွင် မိမိတို့နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေး**အတွက် **ကြိုးပမ်းတည်ဆောက်လျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံအနေဖြင့်လည်း နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေး အမြဲမပြတ်ကြိုးပမ်းတည်ဆောက်နေရမည်ဖြစ်**ကြောင်း၊ ရှိရင်းစွဲ လူစွမ်းအားအရင်းအမြစ်များနှင့် လက်နက်ကိရိယာများကို စွမ်းရည်စွမ်းပကား မြင့်မားနေစေရေး၊ ခေတ်နှင့်လျော်ညီသည့် စွမ်းရည်စွမ်းအားရှိစေရေး အမြဲမပြတ် လေ့ကျင့် ဆောင်ရွက်နေကြရမည်ဖြစ်




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ရန်ပုံငွေများ ပေးအပ်စဉ်။**

ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိတို့နေ့စဉ် လေ့ကျင့်ဆောင်ရွက်ရမည့် လေ့ကျင့်ခန်းများ၊ တာဝန်များကို မှန်မှန်ကန်ကန်ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်တိုးတက်လာနိုင်မည်ဖြစ်ပြီး စစ်ရေးသတိ၊ စစ်ရေးအသိ အမြဲရှိနေရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

### နေစိကျနသည့် နေထိုင်သွားလာစားသောက်မှုပုံစံရှိရမည်

တပ်မတော်အနေဖြင့် စစ်သည်တစ်ဦးချင်းစီအလိုက် အဆင့်နှင့်လျော်ညီစွာ နေထိုင်စားသောက်နိုင်ရေး နေရေး၊ ဝတ်ရေး၊ စားရေးတို့အပြင် အခြားအုပ်ချုပ်မှုဆိုင်ရာအခက်အခဲများ အဆင်ပြေချောမွေ့စေရေး အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်များအနေဖြင့်လည်း မိမိတို့ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိစေရေးနှင့် ရရှိလာသည့်အခွင့်အရေးများနှင့် ရပိုင်ခွင့်များကို ထိန်းထိန်းသိမ်းသိမ်းဖြင့် စနစ်တကျသုံးစွဲကြစေလိုကြောင်း၊ စားရေးနှင့်ပတ်သက်၍ **တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တစ်ဦးချင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါကလည်း စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ မိမိတို့၏ဝင်ငွေနှင့် ထွက်ငွေများကိုလည်း မျှတစွာသုံးစွဲရန် လိုအပ်မည်ဖြစ်ပြီး မလိုလားအပ်သော ငွေကုန်ကြေးကျမှုများမရှိစေရေး စနစ်တကျ သုံးစွဲစေလိုကြောင်း။

### ပညာရေးအလေးပေးဆောင်ရွက်

ထို့ပြင် မိမိတို့တစ်ဦးချင်း၏အသိပညာ မြင့်မားစေရေးအတွက် ဗဟုသုတဖြစ်စေနိုင်မည့် စာပေများကို ဖတ်မှတ်လေ့လာနေရမည်ဖြစ်သကဲ့သို့ မိမိတို့၏ သားသမီးများကိုလည်း ပညာရေးအားပေးကြရမည်ဖြစ်ကြောင်း၊ **ပညာရေးအားနည်းပါက အသိအမြင်အားနည်းမည်ဖြစ်ပြီး မိမိတို့၏ လူမှုစီးပွားဘဝတိုးတက်ရေးတွင် အခက်အခဲများဖြစ်ပေါ်နိုင်မည်ဖြစ်သဖြင့် မိမိတို့၏ သားသမီးများအပေါ် ကောင်းမွန်သည့် ပညာအမွေ ပေးနိုင်ရမည်ဖြစ်**ကြောင်း၊ **အတန်းပညာမြင့်မားစေရေးသာမက အသိပညာမြင့်မားစေရေးအတွက်လည်း ဖတ်သင့်ဖတ်ထိုက်သည့် သိသင့်သိထိုက်သည့်စာပေများ၊ အသိအမြင်များကို ပေးနိုင်ရမည်ဖြစ်**ကြောင်း၊ ထိုသို့ အသိအမြင်များပေးနိုင်ရေး အတွက် မိမိတို့၏ **စာမျက်နှာ ၁၉ သို့**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထားဝယ်မြို့ရှိ နယ်မြေစံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။**

**စာမျက်နှာ ၁၈ မှအဆက်**

တစ်ဦးချင်းကလည်း အသိပညာတိုးပွားစေရေး စာပေဖတ်မှတ်လေ့လာရမည်ဖြစ်ပြီး မိမိတို့သားသမီးများကို မိမိတို့ထက်သာလွန်အောင် မြေတောင်မြှောက်ပေးကြရန်လိုကြောင်း။

**တပ်မတော်သားများအနေဖြင့် မိမိတို့တစ်ဦးချင်းထမ်းဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန်နှင့် ကျေပွန်စွာထမ်းဆောင်ရန်လိုပြီး နိုင်ငံတော်နှင့်တပ်မတော်အတွက် ဟူသည့်စိတ်ကို အမြဲတမ်းနှလုံးသွင်း၍ ဆောင်ရွက်ကြရန်လို**ကြောင်း၊ **မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ နေ့ထိုင်ပြောဆိုလုပ်ကိုင်မှု စည်းကမ်းစနစ်တကျရှိပြီး ဖွံ့ဖြိုးရည်ကောင်းမွန်မှုများမှတစ်ဆင့် မိမိတို့တပ်မတော်၏ ဂုဏ်ကိုမြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း ဖြင့် မှာကြားသည်။

**စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ နယ်မြေခံတပ်မဟာနချုပ်မှူး၏ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညွှန့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ထားဝယ်မြို့ကျက်သရေဆောင် ရွှေတောင်စားစေတီတော်မြတ်ကြီးရှိ လောကမာရဇိန်ဘုရားကြီးကို ဖူးမြော်ကြည်ညိုစဉ်။





တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများလိုက်ပါ၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ကျက်သရေဆောင် ရွှေတောင်စား စေတီတော်မြတ်ကြီးရှိ လောကမာရဇိန်ဘုရားကြီးကို သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များကို ဂေါပကအဖွဲ့ဝင် ဦးထွန်းကြည်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် လောကမာရဇိန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ယင်းနောက် ရုပ်ပွားတော်မြတ်ကြီးကို လက်ယာရစ်လှည့်လည်ပူဇော်ပြီး ညွှန့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဘုရားကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။






၃၂ **ရှေ့ဖုံးမှအဆက်**

ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် နိုင်ငံအတွက် အကျိုးရှိမည့် စီမံကိန်းတစ်ခုဖြစ်သကဲ့သို့ နိုင်ငံတကာအတွက်လည်း အထောက်အကူဖြစ်စေ**ကြောင်း၊ **ဗီယက်နမ်နိုင်ငံမှ ဆိပ်ကမ်းကို အရှေ့အာရှနိုင်ငံများက အသုံးပြု၍ ထားဝယ်ရေနက်ဆိပ်ကမ်းသို့ ပို့ဆောင်ပြီး တောင်အာရှဒေသ၊ ပင်လယ်ကွေ့ဒေသသို့လည်းကောင်း၊ အနောက်ဘက်ဒေသနိုင်ငံများမှ ထားဝယ်ရေနက်ဆိပ်ကမ်းမှတစ်ဆင့် ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့မှ အာရှအရှေ့ပိုင်းထိ ပို့ဆောင်နိုင်သဖြင့် အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်**သည့်အခြေအနေများ၊ စီမံကိန်းအတွင်း ယခင်ကတည်းက လျာထားဆောင်ရွက်ခဲ့သည့် တည်ဆောက်ပြီးအဆောက်အအုံများကို ပျက်စီးမှုမရှိစေရေးနှင့် ရေရှည်တည်တံ့စေရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်လိုသည့်အခြေအနေများ၊ သက်ဆိုင်ရာကော်မတီမှတစ်ဆင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကိုဖြေရှင်းပြီး အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်သွားရမည့် အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စီမံကိန်းဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ပြီး စီမံကိန်းအကွက်ချ ပုံစံငယ်ကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ရေနက်ဆိပ်ကမ်း လျာထားသည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ရေနက်ဆိပ်ကမ်းလျာထားသည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ (၃၃)ကြိမ်မြောက် မိသားစု စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



ဆရာတော်ထံ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ (၃၃)ကြိမ်မြောက် မိသားစု စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ကျင်းပရာ မင်္ဂလာဒုံမြို့နယ် သိမ်ကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလဝံသအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သိမ်ကုန်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များကို ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သိမ်ကုန်းကျောင်းတိုက်ဆရာတော်ထံမှ ကထိန်အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက်
A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း
ကြေညာချက်

အစိုးရစက်မှုလက်မှုသိပ္ပံတို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသဖြင့် ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၀ ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့်ကျောင်းသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းခန်းမ၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စေတနာရှင် အလှူရှင်များက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးက စေတနာရှင် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း မူးယစ်ဆေးဝါး တာကွယ် တားဆီးရေးလုပ်ငန်းများတွင် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် မြန်မာနိုင်ငံမူးယစ်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် အောင်မြင်စွာဆောင်ရွက်နိုင်သည့် မြန်မာနိုင်ငံမူးယစ်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ထို့ပြင် ကွမ်းလုံမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ကွမ်းလုံတပ်နယ်မှ တာဝန်ရှိသူများက အဆိုပါမြို့နယ်ရှိ စစ်မှုထမ်းဟောင်းရုံး၌ သွားရောက်တွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် နယ်မြေခံဆေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ■ ကိုဗစ်-၁၉ ရန်ပုံငွေမှ

ချေးငွေသက်တမ်း တစ်နှစ် (အတိုးနှုန်း ၁ %) သတ်မှတ်ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီ ၉ ရက်မှစ၍ အောက်ပါလုပ်ငန်းများကို ဦးစားပေးချေးငွေများ ခွင့်ပြုထုတ်ချေးပေးခဲ့ပါသည်-

(က) CMP လုပ်ငန်းများ၊
(ခ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊
(ဂ) အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ၊
(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ၊
(င) ပြည်ပပို့ကုန် ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊
(စ) သွင်းကုန်အစားထိုး ပစ္စည်းထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊
(ဆ) ပြည်တွင်းထုတ်လုပ်မှုမှ ပြည်ပတင်ပို့သည်ထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းများ၊
(ဇ) စားသောက်ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊
(ဈ) ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းများ၊
(ည) အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများ။

၂။ နိုင်ငံတော်အနေဖြင့် အဆိုပါချေးငွေထုတ်ပေးခဲ့သည့် ကုမ္ပဏီ၊ လုပ်ငန်း ၅၉၉၀ ခုကို ၂၀၂၁ ခုနှစ် မတ် ၁၇ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလသက်တမ်းတစ်နှစ်စေ့ရောက်သည့်နေ့မှစ၍ ပထမအကြိမ်အဖြစ် ခြောက်လသက်တမ်းတိုးမြှင့်ပေးပါကြောင်းနှင့် ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလသက်တမ်း တစ်နှစ်ခြောက်လ စေ့ရောက်သည့်နေ့မှစ၍ ဒုတိယအကြိမ်အဖြစ် နောက်ထပ် ခြောက်လ ထပ်မံသက်တမ်းတိုးမြှင့်ပေးပါကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သဖြင့် စုစုပေါင်း သက်တမ်း တစ်နှစ် တိုးပေးခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုအခါ ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများ ထပ်မံရှိနေပြီး ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်တစ်နှစ် ထပ်မံသက်တမ်းတိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့် ကုမ္ပဏီ၊ လုပ်ငန်း ၅၉၉၀ ခုအနေဖြင့် အောက်ပါအခြေအနေများဖြင့် ကိုက်ညီသူများကို ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလ သက်တမ်းနှစ်နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်တစ်နှစ် ထပ်မံ သက်တမ်းတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ပထမနှစ်အတွက် ပထမအကြိမ် အတိုးများကို ပေးဆပ်ပြီးဖြစ်ရပါမည်။
(ခ) ဒုတိယနှစ်အတွက် ဒုတိယအကြိမ်အတိုးများကို ကာလပြည့်မီက ပေးဆပ်ပြီးဖြစ်ရပါမည်။
(ဂ) ချေးငွေအား ရည်ရွယ်ချက်အတိုင်း ထိရောက်အောင် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ၊ လုပ်ငန်း ဖြစ်ရပါမည်။

၅။ လုပ်ငန်းကော်မတီက ခွင့်ပြုခဲ့သည့် ချေးငွေထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာတွင် "ပြန်လည်ပေးဆပ်ရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ခံရမည်ဖြစ်ပါကြောင်း" အသိပေးဖော်ပြပါရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ချေးငွေ အရင်း၊ အတိုး ပြန်လည်ပေးဆပ်ရန်ပျက်ကွက်ပါက ချေးငွေသဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အပြီးသတ်အပြေအကြေ ပေးဆပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ**

# ခိုလမ်မြို့ သီရိမင်္ဂလာကျောင်းတိုက်အတွင်း ဗုဒ္ဓကောလိပ် ငါးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရန်အတွက် အလှူငွေလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ သီရိမင်္ဂလာကျောင်းတိုက်အတွင်း ဗုဒ္ဓကောလိပ် ငါးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရန်အတွက် အလှူငွေ လှူဒါန်းခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ပြုလုပ်ရာ သီရိမင်္ဂလာကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာသီရိ ကြွရောက်တော်မူပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီရိမင်္ဂလာကျောင်းတိုက် ဆရာတော်ထံမှ သီလဓမ္မတရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗုဒ္ဓကောလိပ် ငါးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရန်အတွက် အလှူငွေကျပ် သိန်း ၁၀၀ နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဗုဒ္ဓကောလိပ် ငါးထပ်ကျောင်းဆောင်သစ် တည်ဆောက်နေသည့်နေရာကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထွန့်ပတိုင်ရေကန်အဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ တက်ရောက်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့က ထွန့်ပတိုင်ရေကန်အဝင်လမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၄**

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထွန့်ပတိုင်ရေကန်အဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာအုပ်စုရှိ အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဦးမင်းသိန်း၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များသည် ထွန့်ပတိုင်ရေကန် ဦးစီးတည်ထောင်သူ ကျောက်ကလပ်ကျောင်းဆရာတော် ဘဒ္ဒန္တဝိမလကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ထွန့်ပတိုင်ရေကန်အဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနညွှန်ကြားရေးမှူး(မြို့ပြ)က လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြကာ ကျေးလက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီးခင်ဇော်က ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများကို လမ်းဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်များကို လက်ရောက်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးကြကာ သီဆိုကပြဖျော်ဖြေပေးကြသည့် ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ကွန်ကရစ်လမ်းသစ်သည် အရှည်၄၉ဖာလုံ၊ အကျယ် ၁၄ ပေရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၉၄ ဒသမ ၅၅၅ သန်းဖြင့် Burma Palace ကုမ္ပဏီက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထွန့်ပတိုင်ကန်တော် မင်္ဂလာနှင့် ထွန့်ပတိုင်တံတားတို့ကို လှည့်လည်ကြည့်ရှုကြပြီး ထွန့်ပတိုင်(ထမ္မတိုင်)တောင်ခြေ ကျောက်သားနံရံ၌ မြတ်စွာဘုရားရှင်ကို ရည်မှန်း ပုံဖော်ထုဆစ်ထားသော နဂါးရုံ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့နယ် နောင်လုံ(အရှေ့)ကျေးရွာ ကွင်းအမှတ် (၁၁၄၇)တောင်သူဦးမောင်ရှိန်၏ လယ်ငါးကေအတွက် ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့ ပေးအပ်ခြင်းနှင့် အစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို တက်ရောက်အားပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမှာစကားပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အိန္ဒြူ၊ လွန်းညု၊ နောင်လုံ(အရှေ့) နောင်လုံ (အနောက်)၊ အိန္ဒြကျေးရွာတို့မှ တောင်သူများကို နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောင်းဆီထွက်သီးနှံ နေကြာအစေ့ချ ကိရိယာဖြင့် စိုက်ပျိုးခြင်း လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုကြပြီး ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ခင်းကျင်းပြသထားသော တောင်သူပညာပေး ပြခန်းငယ်များနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို တောင်သူများထံ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေသည့် အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့မွန်းလွဲပိုင်းက တောင်ကလေးပရိယတ္တိ၊ ပဋိပတ္တိသာသနာ့ဒေးရိပ်သာနာယကချုပ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ပညာသာမိ (တောမှီရဟန်း)အား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို လျှောက်ထားတင်ပြကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ-၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝက ရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ၁၉-၉-၂၀၂၂ ရက်မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏အပိုဒ်(၁) (ဂ)နှင့် (၂) (ဃ)တွင် အောက်ဖော်ပြပါ အတိုင်းအသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁) (ဂ)

နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပို၍ လက်ဝယ်ကိုင် ဆောင်ထားရှိခြင်းမပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ် လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်ထိ ကတ်အပိုများအပ်နှံခြင်း မပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာအတည်ပြု၍ ယခင်ကတ်အပိုများကို ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ၆၆/၆ (အထစ)

တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ-ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစထပ်မံပြုလုပ်ထားရှိခြင်း)၊ ၁-၁၁-၂၀၂၂ ရက်ထိ ပုံစံ၆၆/၆(အထစ) အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ၆၆/၆(အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များကို ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ် တစ်မျိုးမျိုးကိုင်ဆောင်သူ ၅၂ သန်းကျော်ကို စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများကို နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်းကြေညာထားသော်လည်း ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေ ပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

☆ **ကျောဖုံးမှအဆက်**

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက "ပြင်ဦးလွင်မီးပုံးပျံပွဲတော်" သီချင်းဖြင့် ဖျော်ဖြေကပြတင်ဆက်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ် မီးပုံးပျံငယ်အလုံး ၁၀၀၀ လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ ဖွင့်ပွဲအထိမ်းအမှတ် စိန်နားပန်မီးပုံးပျံကို လွှတ်တင်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အဆိုပါ (၁၆)ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာလ ၄ ရက်မှ ၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ဘုရားရင်ပြင်တော်တွင် မသိုးသင်္ကန်းရက်ကန်းခတ်ပူဇော်ပွဲ ကျင်းပပြုလုပ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၅ နာရီတွင် ဗုဒ္ဓမြတ်စွာဘုရားကို မသိုးသင်္ကန်း ဆက်ကပ်ပူဇော်ခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်း၌ ဘုရားရင်ပြင်တော်တွင် ဆီမီးကိုးထောင် ထွန်းညှိပူဇော်ခြင်း၊ ည ၇ နာရီမှစ၍ စိန်နားပန်မီးပုံးပျံများ၊ ညမီးကျည် မီးပုံးပျံများ လွှတ်တင်ခြင်း၊ မွန်းလွဲ ၁ နာရီမှစ၍ နေ့အရုပ်လှမီးပုံးပျံများ လွှတ်တင်ခြင်းများ ထည့်သွင်းယှဉ်ပြိုင်မည်ဖြစ်ပြီး နိုဝင်ဘာ၅ ရက်မှစတင်ကာ နေ့စဉ် နံနက် ၈ နာရီမှ ည ၆ နာရီထိ ရိုးရာခြင်းအလှခတ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲများကို မီးပုံးပျံကွင်းအတွင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဆုရရှိသည့်အသင်းများကို ဆုများ ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်သည်။

ထို့အပြင် ပွဲတော်လာပြည်သူများကို မန္တလေးမြို့ကျက်သရေဆောင် မြို့မတူရိယာအဖွဲ့နှင့် ကျောက်ဆည်မြို့၏ ဆိုင်းကအဖွဲ့များက ညှိခံဖျော်ဖြေမည်ဖြစ်ပြီး အစားအသောက်နှင့် လိုအပ်သည့် ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက်လည်း စားစရာအစုံအလင်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံပါသည့် ဆိုင်ခန်းများ၊ ကုမ္ပဏီအရောင်းပြခန်းများကိုပါ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက် ဂန်ရွာသစ်ရှိ မီးဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေ၊ အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက် ဂန်ရွာသစ်ရှိ မီးဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက် ဂန်ရွာသစ် အကွက်အမှတ် (၈၆၈)၌ နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် မီးစတင်လောင်ကျွမ်းခဲ့ပြီး ပတ်ဝန်းကျင်နေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူနေအိမ် ၄၂ လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် မီးဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေ၊ အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နေလယ်ပိုင်းတွင် အဆိုပါရပ်ကွက်ရှိ စွန်နတ်ဂျမာအပ်ဗလီ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် မီးဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မီးဘေးသင့်ပြည်သူများကို တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ မီးဘေးသင့်ပြည်သူများ ကိုယ်စား တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မီးဘေးသင့်ပြည်သူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုၿပီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသနေသူများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ထို့နောက် တိုင်းမှူးများနှင့်အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# နိုဝင်ဘာ ၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၅ ဦး တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

နိုဝင်ဘာ ၃ ရက် ည ၈နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၉၈၈၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၅ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၂၁၃၉ ဦး |
| သေဆုံးသူ | ၁၉၄၈၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၆၃၀၂ ဦး |

# (၃၄)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်း



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၌ သွေးလှူရှင်များကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၂၂ ခုနှစ် ယနေ့တွင်ကျရောက်သည့် (၃၄)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်း သွေးလှူဒါန်းကြသည်။

ဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံတက်ရောက် ကုသမှုခံယူနေသော လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး ဆေးရုံအတွင်း လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# (၇၅) နှစ်မြောက်စိန်ရတု ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်များ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၄**

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည် ၅၉၃ ဦးက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တပ်မတော်ဆေးရုံများတွင် အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ရက်ထိ စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းမြတ်နှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းမြတ် (၇၅) နှစ်မြောက် စိန်ရတု ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ဖွဲ့နေ့အထိမ်းအမှတ် သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၄**

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် နယ်လှည့် အထူးကုဆေးအဖွဲ့များပါဝင်သော တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ကိုကိုးကျွန်းရှိ ဒေသခံပြည်သူ ၁၀၃ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၂ ဦး၊ ခွဲစိတ်ရောဂါ ခြောက်ဦး၊ သားဖွား၊ မီးယပ်ရောဂါ ငါးဦး၊ ကလေးရောဂါ ငါးဦး၊ အရိုးရောဂါ ၁၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ခြောက်ဦး၊ မျက်စိရောဂါ ၄၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၁ ဦး စုစုပေါင်း ၁၀၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ကိုကိုးကျွန်းမြို့နယ်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၃၀၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၂၁၅၄ ဦး၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၂၆၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၄၀၆၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၃၉၁ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန်လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၄)ရပ်ကွက်နေ ရဲထက်ပိုင်(ခ)ရွှေအိုးစည်သည် ၎င်းအသုံးပြုသည့် " Ye Htet Paing" Facebook အကောင့်၊ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံး ဥသျှောင်ရပ်ကွက်နေ ထက်ဇော်လင်း(ခ) ရားရားသည် ၎င်းအသုံးပြုသည့် "Htet Zaw Linn" Facebook အကောင့်၊ ပြင်ဦးလွင်မြို့နယ် မိုးကြိုး(မြောက်)ကျေးရွာနေ သီတာခိုင်(ခ)အေးခိုင်(ခ)အေးအေးခိုင်သည် ၎င်းအသုံးပြုသည့်"Aye Khaing" Facebook အကောင့်နှင့် သပိတ်ကျင်းမြို့နယ် ဆိပ်ကမ်းရပ်ကွက်နေ ကျော်ဇင်သန့်(ခ)ဖိုးဇင်သည်၎င်းအသုံးပြုသည့် "Kyaw Zin Thant"Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဗထူးရပ်ကွက်နေ ကောင်းခန့်စံ(ခ)စိုးအာကာသည် ၎င်းအသုံးပြုသည့် " Kaung Khant San" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း



**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၈နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်ခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်သန်း၊ ညွှန်ကြားရေးမှူး ဦးကောင်းမြတ်ဟိန်းသူ ဦးဆောင်၍ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ ဝန်ထမ်းမိသားစု ဦးရေ ၃၀ ကျော်က သွေးလှူဒါန်းကြရာ သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာစုလှိုင်ဦးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက သွေးလှူရှင်များကို အင်အားဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိပ်ထားနိုင်**

# တွန်ဂန်မီးတောင်ပေါက်ကွဲပြီး မီးတောင်အတွင်းမှချော်ရည်ငွေ့များ စံချိန်တင်ပေါက်ထွက်



**လန်ဒန် နိုဝင်ဘာ ၄**

တွန်ဂါနိုင်ငံ တွန်ဂါကျွန်းရှိ တွန်ဂန်မီးတောင်သည် နိုဝင်ဘာ ၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်အတွင်းမှ ချော်ရည်ငွေ့များ စံချိန်တင်ပေါက်ထွက်မှုဖြစ်ပွားခဲ့ကြောင်း ဗြိတိန်ကမ္ဘာမြေလေ့လာရေးဗဟိုဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း BD-News24 သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းမှ ချော်ရည်ငွေ့များသည် ကောင်းကင်အထက် ၅၇ ကီလိုမီတာထိ ရောက်ရှိပျံ့နှံ့ခဲ့ပြီး တွန်ဂန်မီးတောင် ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားခဲ့သည့် သက်တမ်းတစ်လျှောက် ချော်ရည်ငွေ့အမြင့်ဆုံးရောက်ရှိပျံ့နှံ့ခဲ့ခြင်းဖြစ်ကြောင်း၊ တွန်ဂါကျွန်းသည် ရေရေးယာဝန်းရံနေပြီး လူနေအိမ်များမရှိသည့်အတွက် တွန်ဂါကျွန်းမှဒေသခံများအတွက် စိုးရိမ်ဖွယ်ရာအခြေအနေမဟုတ်ကြောင်း သိရသည်။

“နိုဝင်ဘာ ၃ ရက်က တွန်ဂန်မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်သွားတာက အချိန်ခဏလေးအတွင်းမှာဖြစ်ပွားခဲ့တာပါ။ ဒါပေမဲ့ ပေါက်ကွဲအားပြင်းတဲ့အတွက် မီးတောင်အတွင်းက ချော်ရည်ငွေ့တွေဟာ ကောင်းကင်အထက် ၅၇ ကီလိုမီတာထိ ရောက်ရှိပျံ့နှံ့နေပါတယ်။ ချော်ရည်ငွေ့တွေဟာ ကောင်းကင်အထက် ၅၇ ကီလိုမီတာထိကို မိနစ် ၃၀ အတွင်း ရောက်ရှိပျံ့နှံ့ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့လဲ ကောင်းကင်ဂြိုဟ်တုဓာတ်ပုံကနေတစ်ဆင့် မြင်တွေ့ခဲ့ရတာပါ။ ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားတဲ့နေရာကနေ ကြည့်မယ်ဆိုရင် ကောင်းကင်အထက် ချော်ရည်ငွေ့တွေ ဘယ်လောက်ထိပျံ့နှံ့နေမလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ကောင်းကင်ဓာတ်ပုံအရ ချော်ရည်ငွေ့တွေဟာ မီးတောင်အထက် ထီးမိုးထားတဲ့ပုံသဏ္ဌာန် ပျံ့နှံ့နေတယ်။ မီးတောင်ပေါက်ကွဲမှုကြောင့် ပစိဖိတ်သမုဒ္ဒရာအတွင်း ဆူနာမီလှိုင်း ဖြစ်ပေါ်လာဖွယ်ရှိနေတယ်။ သတိထားစောင့်ကြည့်သွားရမဲ့အခြေအနေ ဖြစ်ပါတယ်”ဟု ဗြိတိန် ကမ္ဘာမြေလေ့လာရေးဗဟိုဌာနမှ သုတေသီဖြစ်သူ ပရောက်က ပြောကြားခဲ့သည်။ **နိုင်းဆက်**

# ဆိုမာလီယာအငတ်ဘေးအတွက် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုအေဂျင်စီက အမေရိကန်ဒေါ်လာ ၁၇ သန်း ပေးအပ်ခဲ့

**မိုဂါဒစ်ရှူး နိုဝင်ဘာ ၄**

ဆိုမာလီယာတွင် အငတ်ဘေး အန္တရာယ်အမြင့်ဆုံး ဒေသများရှိ ရပ်ရွာများကို ချက်ချင်းအကူအညီများပေးအပ်နိုင်ရန်အတွက် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုအေဂျင်စီက အမေရိကန်ဒေါ်လာ ၁၇ သန်းကို နိုဝင်ဘာ ၃ ရက်က ပေးအပ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ဆိုမာလီယာတွင် မိုးခေါင်ရေရှားမှုနှင့် ငတ်မွတ်ခေါင်းပါးမှုပြဿနာများ ဖြေရှင်းဆောင်ရွက်ရန်ခက်ခဲနေချိန်တွင် ဆိုမာလီယာလူသားချင်းစာနာထောက်ထားမှုရန်ပုံငွေအဖွဲ့(SHF)က လိုအပ်သောရန်ပုံငွေကို ချက်ချင်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဆိုမာလီယာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးဖြစ်သူ Adam abdelmoula က ပြောကြားခဲ့သည်။

အဆိုပါအဖွဲ့သည် အရေးပေါ်အသက်ကယ်ဆယ်မှု လုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေပေးရန်အလှူရှင်နိုင်ငံများ စုပေါင်းထားသောကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်ကာ ဆိုမာလီယာတွင် အငတ်ဘေးကတံခါးလာခေါက်နေပြီး အကူအညီများကို အတိုင်းအတာတစ်ခုထိတိုးမပေးလျှင် သန်းနှင့်ချီသည့်လူများငတ်မွတ်ခေါင်းပါးမည့်အန္တရာယ်ဖြင့် ကြုံနေရကြောင်း Adam abdelmoula က မိုဂါဒစ်ရှူးတွင်ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

မိုးခေါင်ရေရှားမှုဒဏ်ခံခဲ့ရသူဦးရေသည် ယခုနှစ်စပိုင်းမှစ၍ နှစ်ဆကျော် တိုးလာသောကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးခွဲဝေမှုအသစ်သည် အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကုလသမဂ္ဂအဆိုအရ ဆိုမာလီယာတွင် မိုးခေါင်မှုကြောင့် လူပေါင်း ၇ ဒသမ ၈ သန်းထက်မနည်းထိခိုက်ခဲ့ပြီး ရေ၊ စားနပ်ရိက္ခာနှင့် တိရစ္ဆာန်များအတွက် စားကျက်ရှာဖွေရန် လူပေါင်းတစ်သန်းကျော်သည် အိုးအိမ်များကို စွန့်ခွာခဲ့ရကြောင်း သိရသည်။ AZH

# နယူးဒေလီမြို့တွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသည့်အတွက် စာသင်ကျောင်းများယာယီပိတ်ထားရန် AQI တိုက်တွန်း

**နယူးဒေလီ နိုဝင်ဘာ ၄**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေသည့်အတွက် စာသင်ကျောင်းများကို ယာယီပိတ်ထားရန် လေထုအရည်အသွေးညွှန်းကိန်း (AQI) အဖွဲ့က တိုက်တွန်းလိုက်ကြောင်း NIE သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

AQI အဖွဲ့က နယူးဒေလီမြို့၏ လေထုညစ်ညမ်းမှု အခြေအနေကို စောင့်ကြည့်နေပြီး ပြောင်းလဲမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရန် စီစဉ်နေကြောင်း၊ နယူးဒေလီမြို့တွင်ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုပမာဏမှာ အညွှန်းကိန်း ၄၅၀ ပမာဏထိ ရောက်ရှိနေပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏သတ်မှတ်ချက်အရ အညွှန်းကိန်း ၄၀၀ သည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ပမာဏဖြစ်ကြောင်း သိရသည်။



“နယူးဒေလီမြို့မှာ လေထုညစ်ညမ်းမှုပမာဏ အဆမတန်မြင့်တက်နေပါတယ်။ နယူးဒေလီမြို့အတွင်း မြူနှင်းတွေဆိုင်းနေတာဟာ စိုထိုင်းဆမြင့်မားတာကြောင့်မဟုတ်ပါဘူး။ လေထုညစ်ညမ်းမှုကြောင့်ဖြစ်ပေါ်နေတာပါ။ အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေအတွက် သိပ်ကိုအန္တရာယ်များတာကြောင့် နယူးဒေလီမြို့က ဌာနဆိုင်ရာအသီးသီးမှာ တာဝန်ရှိတဲ့သူတွေကို တိုက်တွန်းချင်တာကတော့ စာသင်ကျောင်းတွေကို ယာယီပိတ်ထားတာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်”ဟု လေထုအရည်အသွေးညွှန်းကိန်း (AQI) အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဆူဟယ်ဆက် ပြောကြားခဲ့သည်။

နယူးဒေလီမြို့တွင် ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုပမာဏမှာ အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိနေသည့်အတွက် အရွယ်မရောက်သေးသည့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများကို နေအိမ်အတွင်း၌သာ နေထိုင်သွားရန်လည်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

# တောင်ဆူဒန်နိုင်ငံတွင် လူပေါင်းရှစ်သန်းခန့် ဒုက္ခရောက်ပြီး ငတ်မွတ်မှုအန္တရာယ်ရှိနေ

**ဂျူဘာ နိုဝင်ဘာ ၄**

တောင်ဆူဒန်နိုင်ငံတွင် လူပေါင်းရှစ်သန်းခန့်သည် ဒုက္ခရောက်နေပြီး ငတ်မွတ်မှုအန္တရာယ်ရှိနေကြောင်း ကုလသမဂ္ဂက နိုဝင်ဘာ ၃ ရက်က အစီရင်ခံစာတစ်စောင်၌ သတိပေးထားကြောင်း Africa News သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သော တောင်ဆူဒန်နိုင်ငံတွင် ရေကြီးမှု၊ မိုးခေါင်ရေရှားမှုနှင့် ပြည်တွင်းပဋိပက္ခဒဏ်ခံရမှုတို့ကြောင့် ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှုသည် မြင့်တက်လာနေပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ မရရှိပါက အငတ်ဘေးနှင့် ကြုံတွေ့ရနိုင်ကြောင်း ၎င်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့၏ ပူးပေါင်းအစီရင်ခံစာတွင် တောင်ဆူဒန်နိုင်ငံသည် စားနပ်ရိက္ခာ မလုံလောက်မှုနှင့် အာဟာရချို့တဲ့မှု မြင့်မားသောအဆင့်တွင် ကြုံတွေ့နေရသူအချိုးအစားသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂ အစီရင်ခံစာအရ တောင်ဆူဒန်နိုင်ငံ၏ လူဦးရေ ၇ ဒသမ ၇၆ သန်းသည် ၂၀၂၃ ဧပြီလမှ ဇူလိုင်လအတွင်း မိုးခေါင်ရေရှားမှုကြောင့် အစားအစာမလုံလောက်မှုနှင့် ကြုံတွေ့ရဖွယ်ရှိပြီး ကလေးငယ် ၁ ဒသမ ၄ သန်းသည် အာဟာရချို့တဲ့လိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

အဆိုပါ အစီရင်ခံစာတွင် ပဋိပက္ခဖြစ်ပွားမှုများ၊ မက်ခရိုစီးပွားရေးအခြေအနေညံ့ဖျင်းမှု၊ ပြင်းထန်သောရာသီဥတုဖြစ်စဉ်များ၊ အစားအသောက်နှင့် လောင်စာဆီကုန်ကျစရိတ်များ မြင့်တက်လာခြင်းအပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်များအတွက် ရန်ပုံငွေ ကျဆင်းမှုတို့ကိုလည်း ဖော်ပြထားကြောင်း သိရသည်။

AZH

# COP27 ညီလာခံတွင် နိုင်ငံပေါင်း ၄၀ က မီသိန်းဓာတ်ငွေ့လျှော့ချရေးစီမံချက် တင်သွင်းမည်

**ကိုင်ရို နိုဝင်ဘာ ၄**

အီဂျစ်နိုင်ငံတွင် နိုဝင်ဘာ ၆ ရက်မှစ၍ ကျင်းပသွားမည့် ကုလသမဂ္ဂရာသီဥတုဖောက်ပြန်မှုဆိုင်ရာညီလာခံ(COP27) တွင် တက်ရောက်မည့် နိုင်ငံပေါင်း ၁၁၉ နိုင်ငံမှ ကိုယ်စားလှယ်များအနက် နိုင်ငံပေါင်း ၄၀ မှ ကိုယ်စားလှယ်များက မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးစီမံချက်ကို တင်သွားမည်ဖြစ်ကြောင်း အမေရိကန် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးအဖွဲ့က အတည်ပြုခဲ့သည်ဟု US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

COP27 ညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်များက အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့အစည်းက ဦးဆောင်သွားမည့် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုအစီအစဉ်ကိုလည်း နိုင်ငံတိုင်းပါဝင်လာရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂ၊ အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကြား မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏလျှော့ချရေးစီမံချက်အရ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ၂၀၂၀ ပြည့်နှစ်က ထုတ်လွှတ်ခဲ့သော မီသိန်းဓာတ်ငွေ့ပမာဏ၏ ၃၀ ရာခိုင်နှုန်းကို လျှော့ချနိုင်ရန် သဘောတူညီချက်ရရှိထားသည်။

လက်ရှိ ကမ္ဘာ့နိုင်ငံများအနက် မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုအမြင့်မားဆုံး ၁၀ နိုင်ငံအနေဖြင့် COP27 ညီလာခံ၌ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးစီမံချက်များတွင် ပါဝင်လာဖွယ် ရှိ၊ မရှိကိုမသိရသေးကြောင်း၊ ကမ္ဘာ့နိုင်ငံများအနက် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုအမြင့်မားဆုံးသောနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ဒုတိယအမြင့်မားဆုံးနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။

မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်မားသော နိုင်ငံများစာရင်းတွင် ဘရာဇီးနိုင်ငံလည်း ပါဝင်နေပြီး ဘရာဇီးနိုင်ငံအနေဖြင့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်သွားရန် အလေးထားနေသော်လည်း မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးစီမံချက်တွင် ပါဝင်လာဖွယ်မရှိသေးကြောင်း၊ သို့သော်လည်း အမေရိကန်နိုင်ငံက COP27 ညီလာခံတွင် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးစီမံချက်တွင် ကမ္ဘာ့နိုင်ငံများပါဝင်လာရေး စည်းရုံးတိုက်တွန်းရန် စီစဉ်နေကြောင်း သိရသည်။ **နိုင်းဆက်**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ကြည်သာရွှင်ပြုံး တန်ဆောင်မုန်း

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

တန်ဆောင်မုန်းလသည် မြန်မာပြက္ခဒိန်၏ အဋ္ဌမမြောက်လဖြစ်ပြီး ရက်ပေါင်း ၃၀ ရှိကာ ရက်စုံသောလတစ်လဖြစ်သည်။ တန်ဆောင်မုန်းဆိုသောစကားမှာ "တန်ဆောင်မှုန်း"ဟူသော ဝေါဟာရမှဆင်းသက်လာခြင်းဖြစ်သည်။ "တန်ဆောင်"ဆိုသည်မှာ မီးတိုင်၊ မီးရှူး၊ မီးပန်းကိုခေါ်ဆို၏။ "မှုန်း"ဆိုသည်ကား ပျံ့နှံ့နေခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် တန်ဆောင်မုန်းလကို "မီးတိုင်၊ မီးရှူး၊ မီးပန်းများပျံ့နှံ့သောလ"ဟု မှတ်ယူနိုင်၏။ သီတင်းကျွတ်မီးထွန်းပွဲကဲ့သို့ပင် အသွင်သဏ္ဌာန်အမျိုးမျိုးရှိသော မီးပုံးပျံများကိုလွှတ်တင်ကြကာ အိမ်တိုင်းအိမ်တိုင်းတွင် ဆီမီးများ၊ အလှမီးပုံးများကို ထွန်းညှိကြသည်။ တန်ဆောင်မုန်းလ၏ ထူးခြားသောလက္ခဏာတစ်ရပ်မှာ မိုးကောင်းကင်သည် ကြည်လင်လျက်ရှိပြီး လမင်းကြီးက ထွန်းလင်းသာယာခြင်းဖြစ်သည်။ "ကောင်းကင်လယ်၊ ထက်ဝယ်ဘုံဦး၊ ငွေလစန္ဒာနှင့်၊ ကြတ္တိကာကြယ်ပြောင်ရွှန်းတယ်၊ ထွန်းထိန်လို့မြူး"ဟူသော စာဆိုဖိုးသူတော်ဦးမင်း၏ တန်ဆောင်မုန်းလဘွဲ့သဖြန် လေးဆစ်ကဲ့သို့ လပြည့်ည သန်းခေါင်ယံအချိန်တွင် ကောင်းကင်ယံ၌ လပြည့်ဝန်းကြီးမှာ မွန်းတည့်နေသည်ကို တွေ့မြင်ရပေမည်။ လမင်း၏အလင်းရောင်သည် အပ်နဖားပေါက်ကိုပင် မြင်နိုင်သည်ဟု အဆိုရှိခဲ့၏။ လမင်း၏ အနီးအနားတွင် ကြတ္တိကာနက္ခတ်ဟုခေါ်ဆိုသည့် ဖျောက်ဆိပ်ကြယ်ကိုတွေ့မြင်နိုင်ပြီး နဂါးခေါင်းမှာ အရှေ့အရပ်သို့လှည့်၏။ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့သည် တန်ဆောင်မုန်းလဟု ဆိုလိုက်သည်နှင့် ကထိန်ပွဲကိုတွေးမြင်မိကြသည်။ မြို့တိုင်း၊ နယ်တိုင်းတွင် ကထိန်ပွဲများကို ခြိမ့်ခြိမ့်သဲသဲကျင်းပကြသည်။ "ကထိန်"ဆိုသည်မှာ "ကထိန"ဟူသောပါဠိကို မြန်မာဝေါဟာရသို့ ပြောင်းလဲထားခြင်းဖြစ်သည်။ "ကထိန"ဟူသည်ကား ဖြတ်ခြင်း၊ ချုပ်ခြင်း၊ အရောင်ဆိုးခြင်း၊ လျှော်ဖွပ်ခြင်း၊ ခင်းခြင်း စသောသင်္ကန်းအမှုနှင့် စပ်သမျှအရာအားလုံးကိုခြုံငုံ၍ ခေါ်ဝေါ်ခြင်းဖြစ်၏။ "ရဟန်းတော်များ သင်္ကန်းရှားပါးခြင်းမှ ကင်းကြပါစေ"ဟူသော ရည်ရွယ်ချက်ဖြင့် ကထိန်သင်္ကန်းကပ်လှူခြင်းသည် ထူးခြားသော ဝိနည်းကံအလှူတစ်ခုဖြစ်သည်။ ကထိန်သင်္ကန်းကပ်လှူခွင့်ပြုသောကာလမှာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လတာဖြစ်၏။ ကထိန်ခင်းရာတွင် သင်္ကန်းသည် အဓိကဖြစ်သော်လည်း အခြားသောရဟန်းအသုံးအဆောင်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ စသည်တို့ကို ပဒေသာပင်ပြုလုပ်ကြ၏။ ထိုပဒေသာပင်များကို ရပ်ရွာအတွင်း၌ အတီးအမှုတ်၊ အကအခုန်များဖြင့် ကထိန်လှည့်ကြသည်။

ကထိန်ပေါ်ပေါက်လာပုံမှာ ဤသို့ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့သည် မိဂဒါဝုန်တောတွင် ဇနီးမယားတို့ဖြင့် ပျော်ပါးနေကြ၏။ တစ်ပါးသော မင်းသားမှာ ဇနီးမယားမရှိသည့်အတွက် ပြည့်တန်ဆာမ တစ်ဦးကို ငှားရမ်းကာပျော်ပါး၏။ ထိုပြည့်တန်ဆာမသည် ရွှေငွေလက်ဝတ်ရတနာများကို ခိုးယူ၍ ထွက်ပြေးလေရာ မင်းသားတို့က လိုက်လံရှာဖွေလေ၏။ ထိုကာလတွင် မြတ်စွာဘုရားရှင်သည် ဗာရာဏသီမြို့ မိဂဒါဝုန်တောတွင် သီတင်းသုံးတော်မူပြီးနောက် ဥရုဝေလတောသို့ ကြွတော်မူသည်။

သစ်ပင်၏အောက်တွင် သီတင်းသုံးနေတော်မူသော ဘုရားရှင်ကို မင်းသားတို့တွေ့မြင်သောအခါ "အရှင်ဘုရား ဤအနီးအနားတွင် မိန်းမတစ်ဦးကို တွေ့မိပါသလား"ဟု မေးမြန်း၏။ ထိုအခါ မြတ်စွာဘုရားက "မင်းသားတို့ မည်သည့်အကြောင်းကြောင့် မိန်းမတစ်ဦးကို လိုက်လံရှာဖွေနေကြသနည်း"ဟု ပြန်လည်မေးမြန်းတော်မူသည်။ ရှာဖွေရခြင်း၏ အကြောင်းစုံကို လျှောက်တင်ကြ၏။

မြတ်စွာဘုရားက "ပျောက်နေသော မိန်းမကို ရှာဖွေခြင်းနှင့်မိမိကိုယ်ကို ရှာဖွေခြင်းဟူသော ရှာဖွေခြင်းနှစ်မျိုးတွင် မည်သည့်အရာက သင်တို့အတွက် ပို၍မြတ်သနည်း"ဟု မြွက်ကြားတော်မူလိုက်သည်။ မင်းသားတို့မှာ ပါရမီရင့်သန်သူများဖြစ်သည့်အားလျော်စွာ မိမိကိုယ်ကိုရှာဖွေခြင်းက ပို၍မြတ်ကြောင်း လျှောက်တင်လေ၏။ ထို့နောက် မြတ်စွာဘုရားက မင်းသားတို့အား အနုပုဗ္ဗိကထာတရား လေးပါးနှင့် သစ္စာလေးပါးတရားတို့ကို ဟောကြားတော်မူသည်။ တရားတော်ပြီးဆုံးသောအခါ အချို့သောမင်းသားတို့မှာ သောတာပတ္တိမဂ်ဖိုလ်နှင့် သကဒါဂါမိမဂ်ဖိုလ်တို့ကို ရရှိကြ၏။ မင်းသားတို့သည် ရဟန်းဝတ်ရန် ခွင့်ပန်လျှောက်ထားသောအခါ မြတ်စွာဘုရားက ပရိက္ခရာ ရှစ်ပါးပြည့်စုံစွာဖြင့် ရဟန်းအဖြစ်သို့ခွင့်ပြုတော်မူခဲ့သည်။ ရဟန်းတို့သည် အာရညကဓုတင်၊



ပိဏ္ဍပါတ်ဓုတင်၊ ပံသကူဓုတင်၊ တိစီဝရိတ်ဓုတင်တို့ကို ကျင့်ကြံကြကုန်၏။ အခါတစ်ပါးတွင် ထိုရဟန်းတော် အပါး ၃၀ တို့သည် သာဝတ္ထိမြို့ရှိ ဇေတဝန်ကျောင်းတွင် သီတင်းသုံးနေသော မြတ်စွာဘုရားအား ဖူးမြော်ရန် ခြေကျင်ကြွလာကြသည်။ ဝါဆိုဝါကပ်ရမည့်အချိန်ဖြစ်သည့် ဝါဆိုလပြည့်ကျော် ၁ ရက်မှာ နီးကပ်လာ၏။ သာဝတ္ထိသို့ ဆက်လက်သွားရန် မဖြစ်နိုင်တော့သဖြင့် လမ်းခုလတ်ရှိ သာကေတမြို့တွင် ဝါကပ်တော်မူသည်။ မြတ်စွာဘုရားသီတင်းသုံးနေသည့် သာဝတ္ထိမြို့သည် သာကေတမြို့နှင့် ခြောက်ယူဇနာသာကွာဝေး၏။ အနီးအနားတွင်တည်ရှိနေသော မြတ်စွာဘုရားကို မဖူးမြော်ရလေခြင်းဟု တွေးတောကာ သုံးလတာကာလပတ်လုံး ဝါဆိုဝါကပ်ရသည်။ ထိုရဟန်းတို့သည် သီတင်းကျွတ်လပြည့်နေ့တွင် ပဝါရဏာပြုပြီးလျှင် သာဝတ္ထိသို့ ခရီးဆက်ကြ၏။ ထိုအချိန်တွင် မိုးရွာသဖြင့် ရဟန်းတို့၏နှစ်ထပ်သင်္ကန်းမှာ မိုးရေစိုကာ လေးလံလာသည်။ ဓုတင်ဆောင်ရဟန်းများဖြစ်ကြသောကြောင့် သပိတ်၊ နှစ်ထပ်သင်္ကန်း စသည့် ဝန်စည်စလယ်များကို ပခုံးတွင်လွယ်၍ ပင်ပင်ပန်းပန်း ခရီးဆက်ခဲ့ရသည်။ ဘုရားရှင်ထံသို့ရောက်သောအခါ မိုးရေစိုစွတ်သော သင်္ကန်းဖြင့်ပင် ပူဇော်ကြရ၏။ ထိုခရီးသည်ရဟန်းတို့ကိုအကြောင်းပြု၍ ပုရိမဝါကပ်ခြင်းနှင့်ပြည့်စုံသောရဟန်းတို့အား ကထိန်ခင်းခွင့်ပြုကြောင်း ဘုရားရှင်က ပညတ်တော်မူ၏။ တစ်နည်းအားဖြင့် ဒါယကာများက ထိုရဟန်းတို့ကိုသင်္ကန်းကပ်လှူခွင့်ပြုလိုက်ခြင်းပင်ဖြစ်ပေသည်။

တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်းကပ်လှူမှုသာမကဘဲ မသိုးသင်္ကန်းကပ်လှူပွဲလည်း ရှိပါသေးသည်။ သိုး၊ မသိုးဆိုရာတွင် လူတို့စားသောက်သောအစာအာဟာရသည် ညဉ့်လွန်၍ နောက်တစ်နေ့သို့ကူးလျှင် စားသုံးမရဘဲ သိုးတတ်သည်။ ၎င်းကိုအစွဲပြုကာ ရက်လုပ်သောသင်္ကန်းသည် နေ့ချင်းပြီးဖြစ်လျှင် မသိုးနိုင်ဟုသတ်မှတ်ကာ လှူဒါန်းကြခြင်းဖြစ်သည်။ ရှေးအခါက မသိုးသင်္ကန်းရက်လုပ်ပုံမှာ တန်ဆောင်မုန်းလဆန်း ၁၄ ရက်တွင် နေဝင်သည်နှင့်တစ်ပြိုင်နက် ရပ်ရွာမှလူအများကို ဖိတ်ကြား၏။ မြေဝိုင်းတွင် ဝါစိုက်ပျိုးသည့်အသွင်ဖြင့် ဝါစေ့များကို စတီသဘော အနည်းငယ်ကြဲပက်လိုက်သည်။ ထို့နောက် ဝါကောက်၊ ဝါကြိတ်၊ ဂွမ်းဖတ်ကို ဗိုင်းတောင့်ဖြစ်အောင်လိပ်ကြပြီး ဗိုင်းငင်ကြသည်။ ဆက်လက်၍ ချည်ခင်ပြုလုပ်ပြီး သစ်ခေါက်ပြုတ်ရည်များဖြင့် ဆေးဆိုး၊ အခြောက်ခံ ချည်ခင်များကို ရက်ဖောက်လုပ်ရသည်။ ထို့နောက် မြေတလင်းတွင် ငုတ်တိုင်များစိုက်ကာ ရက်ကန်းရက်နိုင်ရန်အတွက် ချည်စရှည်များ တိုင်ပေးခြင်းကို ရက်ကန်းတိုင်သည်ဟု ခေါ်ဆိုသည်။ ၎င်းချည်စရှည်များကို ရက်ကန်းစင်တွင်ရှိသော မာကျောသည့် ချည်စအတုတ်(နပ်ချည်)များတွင် ထည့်သွင်းကာ ရက်ကန်းရက်ကြပါတော့သည်။ ရရှိလာသောဖျင်စထည်ကို ကျီးကန်းငှက်များနိုးထခြင်း မရှိသေးသော အရုဏ်တက်အချိန်တွင် ရွာဦးကျောင်းရှိ စေတီ သို့မဟုတ် ဘုန်းတော်ကြီးထံသို့ မသိုးသင်္ကန်းအဖြစ်သွားရောက်လှူဒါန်းကြသည်။ ယနေ့ခေတ်တွင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။

တန်ဆောင်မုန်းလပြည့်ည၏ သာယာကြည်လင်မှုကြောင့် တရားအမြင်မှန်ကိုရရှိကာ စိတ်နှလုံးအေးချမ်းသွားသော သာဓကတစ်ခုလည်းရှိခဲ့ဖူးသည်။

ထိုအဖြစ်အပျက်သည်ကား ထီးနန်းရယူပိုင်ဆိုင်လိုမှုတည်းဟူသော အလိုလောဘကြောင့် မိမိ၏ဖခင် ဗိမ္ဗိသာရကိုသတ်မိမှားသူ အဇာတသတ်မင်းဖြစ်ပေသည်။ ဖခင်ကို ပြစ်မှားမိသောကြောင့် စိတ်နှလုံးမှာ သာယာမှုမရှိတော့ပေ။ ထိုမင်းသည် တန်ဆောင်မုန်းလပြည့်ည၏ အေးချမ်းမှုကိုမြင်တွေ့ရသောအခါ "ယခုလိုနေ့မျိုး၌ အဘယ်သို့သော ရဟန်းသာမဏေ၊ အဘယ်သို့သော ဗြဟ္မဏတို့ထံ ဆည်းကပ်ရလျှင် ကောင်းမည်နည်း"ဟု ဆရာဇီဝကကို မေးမြန်းလေ၏။ ဆရာဇီဝက က ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံသော ဗုဒ္ဓဂေါတမမြတ်စွာဘုရားသည် ကျွန်ုပ်၏ သရက်ဥယျာဉ်တွင် များစွာသောရဟန်းများခြံရံကာ သီတင်းသုံးလျက်ရှိကြောင်း ဘုရားရှင်ကိုဆည်းကပ်ပါက အရှင်မင်းကြီး၏စိတ်သည် ကြည်လင်လိမ့်မည်ဖြစ်ကြောင်း သံတော်ဦးတင်လိုက်သည်။ အဇာတသတ်မင်းသည် ဝမ်းသာအားရဖြစ်တော်မူကာ ကြီးကျယ်ခမ်းနားလှသော အစီအစဉ်ဖြင့် ညတွင်းချင်းပင် ဇီဝက၏ ဥယျာဉ်သို့ သွားလေ၏။ အဇာတသတ်မင်းသည် မြတ်စွာဘုရားကို ဖူးတွေ့ရစဉ် မိမိ၌စိတ်နှလုံးမသာမယာဖြစ်နေကြောင်း လျှောက်ထားသောအခါ ဘုရားရှင်သည် သာမညဖလသုတ်ကိုဟောကြားတော်မူသဖြင့် အဇာတသတ်သည် ကောင်းကင်ယံတွင် မြူတိမ်ကင်းစင်ကာ ထွန်းလင်းတောက်ပနေသော လမင်းကြီးပမာ ခံစားရပြီး စိတ်နှလုံးသည်လည်း ကြည်လင်သွား၏။ တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလသုတ်ကို ဟောကြားခဲ့သဖြင့် ထိုနေ့ကို သာမညဖလအခါတော်နေ့ဟုလည်း ခေါ်ဆိုကြသည်။

တန်ဆောင်မုန်းလပြည့်ညတွင် ပျော်ရွှင်ဖွယ်ကောင်းသော ဓလေ့စရိုက်တစ်ခုရှိသည်။ ၎င်းမှာ ပံ့သကူပစ်လှူပွဲဖြစ်ရာ ပေါ်ပေါက်လာပုံမှာ ဤသို့ဖြစ်၏။ ဗုဒ္ဓဘာသာတွင် ဘုရားရှင် ဝါတော် ၂၀ ကာလထိ သင်္ကန်းမှာ ရှားပါးလှသည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် အနုရုဒ္ဓါမထေရ်မြတ်ကြီး၏ ရုံထားဆဲသင်္ကန်းမှာ ဟောင်းနွမ်းသည့်အတွက် ပံ့သကူအဝတ်ကို ရှာဖွေလျက်ရှိ၏။ ထိုအချိန်တွင် ဘဝဟောင်းမှဇနီးမယားတော်စပ်ခဲ့ဖူးသူ ဇာလိနီနတ်သမီးသည် သင်္ကန်းအတွက် အဝတ်များပေးလှူချင်သော်လည်း သူကိုယ်တိုင် ကပ်လှူင် လက်မခံကြောင်းသိရှိသဖြင့် မထေရ်ကြီးလာမည့် အမှိုက်ပုံအနီး၌ နတ်အဝတ်သုံးထည်ကို စွန့်ပစ်လှူထားခဲ့ရာမှစတင်ကာ ပံ့သကူပစ်လှူဒါန်းခြင်းဓလေ့ အစပြုခဲ့သည်ဟု အဆိုရှိခဲ့သည်။

ယနေ့ကာလတွင် ပံသကူပစ်လှူပုံနှစ်မျိုးရှိရာ တစ်မျိုးမှာ မဲလိပ်ပေါ်တွင် မည်သူ့ထံသို့ ငွေဘယ်လောက်လာယူပါ၊ သစ်သီး၊ မုန့်ဘယ်လောက်လာယူပါ စသည်ဖြင့် ရေးသားပြီး လမ်းဆုံလမ်းခွနှင့်သစ်ပင်ခြေရင်း၊ သစ်ခေါင်းအတွင်းသို့ လူသူမသိရှိအောင် သိုဝှက်ထားလိုက်သည်။ မဲလိပ်ကိုတွေ့ရှိသူသည် အလှူရှင်ထံသို့ လာရောက်ကာ မဲလိပ်တွင် ရေးသားထားသောပစ္စည်းများကို ရွေးယူရလေ၏။

နောက်တစ်မျိုးမှာ မုန့်ပဲသရေစာ၊ သစ်သီး စသည်တို့ကို အထုပ်ထုပ်၍ အထက်ဖော်ပြပါနေရာများတွင် တိတ်တဆိတ်ချထားခဲ့ရာ ကံကောင်းသူက ထိုအထုပ်များကိုရရှိခြင်းပင်ဖြစ်သည်။ ထို့ပြင် ကျီစယ်နောက်ပြောင်သည့်အနေဖြင့် အိမ်တစ်အိမ်မှ ခိုင်းနွား၊ ထွန်တုံး၊ ထွန်သံ၊ တံခါးတို့ကို လူမမြင်နိုင်သည့်နေရာနှင့် သစ်ပင်ပေါ်သို့ထားရှိခြင်းကိုလည်း လုပ်ဆောင်ကြ၏။ ထို့ပြင် ဘုရားဆွမ်းချပွဲလည်း ပြုလုပ်ကြသည်။ ဘုန်းတော်ကြီးကျောင်းမှ ဆင်းတုတော်တစ်ဆူအား ခေတ္တပင့်ဆောင်ကာ အိမ်တစ်အိမ်တွင် တစ်နေရာရာ၌ ထားသိုလိုက်၏။ အိမ်ရှင်က ဆင်းတုတော်ကို တွေ့သောအခါ၌ ရပ်ရွာထဲမှလူများကို အစားအသောက်တစ်ခုခုဖြင့် ညှော်ခံကျွေးမွေးကာ ဘုန်းတော်ကြီးကျောင်းသို့ ၎င်းဆင်းတုတော်ကို ပြန်လည်ပို့ဆောင်ပေးရသည်။ တန်ဆောင်မုန်းလပြည့်ညသည် ကြယ်၊ လ၊ နက္ခတ်တာရာများစုံညီသော ဆေးပေါင်းခသည့်ညဖြစ်သည်။ ထို့ကြောင့် ၎င်းညတွင် မဲဇလီဖူးကဲ့သို့သော ဆေးဖက်ဝင်အသီးအရွက်တို့ကို အသုပ်သုပ်၍ စားသုံးကြသည်။

ဤသို့အားဖြင့် တန်ဆောင်မုန်းလတွင် ဗုဒ္ဓသာသနာကို စောင့်ရှောက်သော ကထိန်ပွဲနှင့်မသိုးသင်္ကန်းကပ်လှူပွဲ၊ ဘုရားရှင်အားရည်မှန်း၍ မီးထွန်းညှိပူဇော်သော တန်ဆောင်တိုင်ပွဲနှင့် ပျော်ရွှင်စရာကောင်းလှသော ပံ့သကူပစ်လှူပွဲများ ကျင်းပသည့်အခါသမယဖြစ်သည်။ လပြည့်နေ့ညတွင် နက္ခတ်တာရာများ စုံလင်ကာ ရာသီဥတုမှာ မိုးအကုန်ဆောင်းအကူး ပွင့်လင်းသည့်အချိန်ကာလဖြစ်ရာ ထိုတန်ဆောင်မုန်းလကို "ကြည်သာရွှင်ပြုံး တန်ဆောင်မုန်း" ဟူ၍ တင်စားကာ ရေးသားလိုက်ရပါတော့သည်။

**ကိုးကား**

**- ဒေါက်တာအရှင်သောပါက ရေးသားသည့် တေဝန်မွေ့စခဉ်-အမှတ်(၉) ထိထိမိမိ (ကထိန်နှင့် ဓပ်သိမှတ်ဖွယ်ရာ) ၂၀၀၉ ခုနှစ် အောက်တိုဘာလ**

0w Mv M @

# ခင်မေ ထောင်ကျသွားပြီ

ရွှေဘိုဘာမထီခင်အောင်



(၁)

သူရဲကောင်းဘွဲ့ရ အငြိမ်းစားရဲဝန်ထောက်ဖြစ်သူ ဖေဖေ ဦးဖေခင်သည် တစ်ထောင့်တစ်ညပုံပြင်ကဲ့သို့ အလားတူ ညစဉ်ညတိုင်းလိုလို ကျွန်တော်တို့မောင်နှမငါးယောက်ကို ရာဇဝတ်မှု မှုခင်း တကယ့်ကိုယ်တွေ့ဖြစ်ရပ်ဖြစ်စဉ် မြောက်မြားစွာကို လုံးစေ့ပတ်စေ့ စိတ်ပါလက်ပါ ဝတ္ထုသဖွယ်ပြောပြလေ့ရှိ၏။

ဖခင်ဖြစ်သူမှာ ၁၉၂၂ ခုနှစ်က မှုခင်းတပ်ဖွဲ့ (C.I.D) အင်းစိန်တွင် ရာဇဝတ်အုပ်သင်တန်း၌ ပထမ စွဲခဲ့သူဖြစ်သလို တာဝန်ထမ်းရွက်ရာမှာ ရဲရဲဝံ့ဝံ့ နောက်မတွန့်ဘဲ ထမ်းဆောင်တတ်၏။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှ စုံထောက်ကြီး ရှားလော့ဟုမ်း၏ စုံထောက်မှုများကိုဖတ်ပြီး အားကျအားရကာ Crazy ဖြစ်နေသူပါ။ ဖေဖေက အင်္ဂလိပ်လိုကျွမ်း၏။ ရှားလော့ဟုမ်း၏ စုံထောက်မှုများကိုဖတ်ခြင်းဖြင့် အမှုလိုက်ရာတွင် အလွန်ပဲအထောက်အကူရသတဲ့။

တကယ်တော့ ကျွန်တော့်ဖေဖေသည် ရှားလော့ဟုမ်းစုံထောက်ဝတ္ထုများ (အင်္ဂလိပ်လိုရေးထားသည့် စာအုပ်ကြီး) ကို ရန်ကုန်၊ ဆူးလေဘုရားလမ်းရှိ Smart and Mokdenn Books Shop မှ မှာဖတ်ရသည်။ ထိုစာအုပ်ဆိုင်ပိုင်ရှင်မှာ ဂျူးလူမျိုးဖြစ်သည်ဟု ဖေဖေကပြောသည်။

၁၉၂၂ ခုနှစ်မှ ၁၉၅၂ ခုနှစ် အောက်တိုဘာလထိ တာဝန်ထမ်းဆောင်ပြီး ခရိုင်ရဲဝန်ထောက် (D.Y.S.P) ဘဝဖြင့် ပင်စင်ယူခဲ့သည်။ ဖေဖေက ကျွန်တော့်ကို သူပြောခဲ့သမျှ ရာဇဝတ်မှုများကို ဖြစ်ကြောင်းကုန်စင် လက်ရေးတို (Short-Hand) ဖြင့် လိုက်ရေးစေသည်။ ၁၉၅၇ ခုနှစ်က ကျွန်တော်သည် လက်ရေးတိုသင်တန်းတက်ထားသဖြင့် ရေးတတ်၏။ ယခုမရေးတတ်တော့ပါ။ လက်ရေးတိုဆိုသည်မှာ အမြဲရေးနေပါမှ ရေးနိုင်ခြင်းဖြစ်သည်။

ဖေဖေက အင်္ဂလိပ်အစိုးရခေတ်တွင် ပုလိပ်အရာရှိ ရာထူးဖြင့် အမှုထမ်းရွက်နေသော်လည်း အင်္ဂလိပ်လူမျိုးများကို မလိုလားမုန်းနေ၏။ ၁၉၃၈ ခုနှစ်အတွင်းက တို့ဗမာအစည်းအရုံးသို့ တိတ်တိတ်လေးဝင်ထား၏။ သခင်ဖေခင်ပေါ့။ အင်္ဂလိပ်အစိုးရသိသွားလျှင် အလုပ်ပြုတ်မှာ သေချာသည်။

"ရေနံချောင်း၊ ချောက်မြို့၊ မကွေးမြို့တွေဆီက ရေနံမြေသပိတ်ကြီးဖြစ်ပေါ်နေလေတော့ သခင်အဖွဲ့ဝင်တွေကို လိုက်ဖမ်းနေပြီ။ ရွှေဘိုက သခင်ဘကြည်၊ သခင်စံမြ၊ သခင်ဘအုပ်၊ သခင်ဘချုပ်၊ သခင်ဘမောင်တို့ကို ဖေဖေတို့ ပုလိပ်အဖွဲ့က မနက်ဖြန်ဆိုဖမ်းရတော့မှာ။ ဒီနေ့ကတည်းက သခင်တွေကို ဖေဖေက လက်ထောက်ချလိုက်ပြီ။ ဆရာတို့ပြေးကြတော့၊ မနက်ဖြန် ဆရာတို့ကို ဖမ်းရတော့မှာလို့ တိတ်တဆိတ်ပြောထားလိုက်တယ်"တဲ့။

၁၉၅၇ ခုနှစ် မိုးတွင်းကာလအတောအတွင်းမှာ ရွှေဘိုမြို့ ရဲစခန်းအရှေ့ဘက်တွင်ရှိ ကျုံးကော (ရန်အောင်မင်္ဂလာကွက်သစ်)ရှိ ပျဉ်ထောင်အိမ်ကြီး၏ ဧည့်ခန်းတွင် ဖေဖေ၊ မေမေဒေါ်သန်းမေ၊ မကြည်၊ ကိုကို ကိုတင်အောင် (နောင်တွင် တေးရေး၊ တေးဆို၊ ကဗျာဆရာ၊ စာရေးဆရာ ရွှေဘိုတင်အောင်၊ နိုင်ငံတော်ကချီးမြှင့်သော ကဗျာပေါင်းချုပ် ဒုတိယဆုရ)၊ မငြိမ်းလွင် (နောင်တွင် ယုဝတီဂျာနယ်၊ ပထမဆုရ စာရေးဆရာမ ရွှေဘိုမငြိမ်းလွင်) ညီမလေးနှင့် ကျွန်တော်ပါ ဝိုင်းထိုင်နားထောင်ကြ၏။ အစ်ကိုကြီး ဦးလှအောင်ကတော့ တပ်မတော် တပ်ရင်း (၁၆) မှ တပ်ကြပ်ကြီးပါ။ လှိုင်ကော်ရှေ့တန်းတစ်နေရာတွင် တရုတ်ဖြူနှင့် ရဲရဲတောက်တိုက်ပွဲဝင်နေလျက်မို့ အိမ်၌မရှိပါ။ တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့၊ ထိုည ၁၀ နာရီတွင် သတင်းထူးတစ်ခုဝင်လာသည်။ ဖေဖေက "ခင်မေထောင်ကျသွားပြီ။" ရာဇဝတ်မှု တကယ့်ဖြစ်စဉ်ကို ပြော၍ ပြီးဆုံးသွားပြီးနောက် ဖုန်းဖြင့် သတင်းဝင်လာသည်။ "တပ်ကြပ်ကြီး လှအောင် ရှေ့တန်းတွင် ဒဏ်ရာရ"ဟူ၍ ဖြစ်၏။

(၂)

အချိန်ကား ၁၉၃၀ ပြည့်နှစ် ဇန်နဝါရီလပထမအပတ်။ အရှေ့မြောက်လေငွေ့လေတိုင်း နှင်းပုလဲကလေးများ ကြွေကျမြေခနေရှာသည်။

ဟေမန္တရာသီဖြစ်သဖြင့် ပတ်ဝန်းကျင်က အေး၍ လူကခိုက်ခိုက်တုန်နေသည့်အချိန်တွင် ခင်မေ တစ်ယောက်ခမျာ တစ်ကိုယ်လုံး မီးဟုန်းဟုန်းတောက်သလိုခံစားနေရရှာသည်။

ညသည် တိတ်ဆိတ်နေ၏။ ရွှေဘိုမြို့၏အပြင် တောစပ်မှာမို့ ပို၍ပိုမိုတိတ်ဆိတ်လျက်ရှိသည်။ သစ်တောအရေးပိုင်မင်း၏ နှစ်ထပ်တိုက်ကြီးသည် ၁၀ ဧကကျော်ကျော်ရှိပြီး ခြံဝင်းကျယ်ကြီး၏အလယ်ဗဟိုတွင် ထီးထီးကြီးတည်ရှိနေ၏။ ပတ်ဝန်းကျင်ရှိ အရာရှိကြီးတို့၏ တိုက်တာတချို့သည် တစ်နေရာနှင့် တစ်နေရာ အလှမ်းကွာဝေးလှသည်။ အင်္ဂလိပ်အစိုးရသည် ခြံကျယ်၊ ဝင်းကျယ်၊ အိမ်ကြီး၊ တိုက်ကြီး၌သာ နေသည်။ ရန်ကုန်ရှိ ဘုရင်ခံ ကရက်ဒေါက်ဆိုလျှင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှမြေများကို သင်္ဘောဖြင့် သယ်ကာ သူနေအိမ်ဝင်းအတွင်း ဖြန့်ခင်းထား၏။

နံနက် ၁ နာရီအချိန်တွင် ခင်မေ၏အခန်းကလေး အတွင်းသို့ သူရောက်ရှိလာပြီ။ သူလာတော့မည်ကို သိနေ၍ ခင်မေတစ်ယောက်ကြောက်နေလေသည်။ ရင်တုန်၊ ရင်ခုန်သည်သာမက တစ်ကိုယ်လုံးနတ်ကျသလို ဖြစ်နေရပါပြီ။ ခင်မေ၏အခန်းသို့ နံနက် ၂ နာရီ၊ ၃ နာရီခန့် မခေါ်ဘဲ သူရောက်ရောက်လာခဲ့သည်မှာ သုံးလအတွင်း အကြိမ်ပေါင်း ၃၀ ထက်မနည်းတော့ပါချေ။

သောက်လေ သောက်လေငတ်မပြေဖြစ်နေပုံရ၏။ ခက်ပြီ။ အသက် ၂၀ ခန့်ရှိ ကိုယ်ဟန်ကြော့ရှင်း အဆင်းလှသော အသားမဖြူမညို ဒီပဲယင်းသူကလေး ခင်မေတစ်ယောက် သူ့ကြောင့် အပျိုစင်ဘဝဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ ဒီပဲယင်းရွာက ချစ်ရည်းစား ကိုညိုမှိုင်းကို မိမိ၏ မဖြူစင်တော့သော ခန္ဓာကိုယ်ကို မအပ်တော့ရန်နှင့် လက်မထပ်တော့ရန် ခင်မေဆုံးဖြတ်ချက်ချထားလိုက်သည်။

ကိုညိုမှိုင်းလို လူရိုးလူကောင်းကြီးနှင့် မတန်တော့ပါချေ။ "ကိုညိုမှိုင်းရေ ဒီဘဝတော့ ကျုပ်တို့နှစ်ယောက်ဝေးရပြီတော့်"လို့ တိတ်တိတ်ကလေးကျိတ်၍ ကျိတ်ကာ ငိုခဲ့ရပေါင်းမနည်းတော့ပေ။

လေသံဖြင့်ခေါ်သည်။

"ခင်မေ"

ခင်မေ မထူး။

"ခင်မေ အိပ်နေသလား"

အသံနည်းနည်းကျယ်၏။

"ဘာဘ ခင်မေ့ကိုသနားပါ။ ခင်မေ ဒုက္ခဖြစ်တော့မယ် ဘာဘ"

"အိုး. . . ခင်မေကလဲကွယ်။ ဘာဒုက္ခမှ မဖြစ်ပါဘူး။ အခုအချိန်ဟာ သုခ၊ သုခပါ ခင်မေရဲ့။ ကဲ. . . ကဲ"

မာန်ဖီနေလေသောသူက ခင်မေ့ကို အဓမ္မကြံစည်ရန် ကြိုးစားစဉ်တွင်-

"ဘာဘ ဘာဘ ခင်မေ ခင်မေ့မှာ ကိုယ်ဝန် ကိုယ်ဝန်ရှိနေပြီ"

သူလန့်သွားပုံရသည်။

"ဘာ ဘာပြောတယ်"

ခင်မေက တုန်တုန်ယင်ယင်ဖြင့်-

"ကိုယ်ဝန်ရှိ နေပြီရှင့်"

"ဘာကွ ဘယ်ကကိုယ်ဝန်လဲ။ ငါမသိဘူး ငါမသိဘူး။ ငါနဲ့မဆိုင်ဘူး"

သူလည်း ဣန္ဒြေမရဖြစ်သွားသည်။ ထိုညက ခင်မေသက်သာသွားသည်။ သူ သူ့အခန်းသို့ပြန်သွားတော့သည်။ ထိုညက ခင်မေ ပြန်အိပ်မရတော့ချေ။ သူဘာလုပ်မည်နည်း။ စိတ်ညစ်ရပြီ။ ဆုံးဖြတ်ရခက်လှသည့်ကိစ္စကြီးမို့ တွေးရ၊ ဆုံးဖြတ်ရခက်မှခက်။ နံနက် ၉ နာရီလောက်ဆိုလျှင် သူ၏ဇနီးချော ဒေါ်ဖြူဖြူဝင်းခေါ် Gracy ရောက်ရှိလာတော့မည်ဖြစ်၏။ ဒေါ်ဖြူဖြူဝင်းက မန္တလေးကောလိပ်ရှိ သားနှင့်သမီးထံ တစ်ညအိပ်သွားရောက်လည်ခြင်းဖြစ်သည်။ အသက် ၄၅ နှစ်ခန့်ရှိ ဒေါ်ဖြူဖြူဝင်းသည် ဖြူ၏၊ ဝင်း၏၊ လှ၏၊ ကျက်သရေရှိ၏။ အရာရှိကတော်မို့ထင်ရဲ့။ ဝဝဖိုင့်ဖိုင့်သဏ္ဌာန်။

ကောလိပ်တက်နေသော သားမောင်မောင်လတ်က အသက် ၂၀၊ သမီး ဟယ်လင် (Hellen) က ၁၈ နှစ်။ အင်မတန်မှမာနကြီးလှသူ။ သူတို့၏ဖခင်က သစ်တောအရေးပိုင်ကြီး ဦးမောင်ကလေးဖြစ်သည်။ သူ့အသက်က ၅၀ ခန့်ရှိ၏။ ညနေတိုင်း အင်္ဂလိပ်အရာရှိကြီးများနှင့် Golf ရိုက်လေ့ရှိ၏။ ကျန်းမာသန်စွမ်း၏။ အရပ်က ငါးပေကိုးလက်မ၊ ကိုယ်အလေးချိန် ပေါင် ၂၀၀ ခန့်။ ဦးမောင်ကလေး၊ ဒေါ်ဖြူဖြူဝင်းတို့၏ဇာတိက ရန်ကုန် မြို့မှဖြစ်သည်။ ဒေါ်ဖြူဖြူဝင်းက မာနကြီး၏။ ဆက်ဆံရေးကျဲ၏။ လူတန်းစားခွဲတတ်၏။

ခင်မေသည် ဒေါ်ဖြူဖြူဝင်းကို အလွန်ကြောက်ရှာသည်။ သို့သော် မပြောမပြီး မတီးမမြည် ဆိုသည့်စကားအရ ကိုယ်ဝန်ရှိနေသည်ကို ဖွင့်ပြောမှဖြစ်တော့မှာမို့ လာမည့်ဘေးပြေးတွေ့ဆိုသကဲ့သို့ ဖွင့်ပြောရပေတော့မည်။ ထိုနေ့နံနက် ၁၀ နာရီကျော်ကျော်တွင် ဩစတင် (Auston) ကားလေးဖြင့် ဒေါ်ဖြူဖြူဝင်း ရောက်လာတော့သည်။ ကားမောင်းသူက အသက် ၅၀ အရွယ်ရှိ ကုလားလူမျိုးတစ်ဦးဖြစ်သည်။ သဘောကောင်း၊ စေတနာကောင်း၊ သနားတတ်၏။ ခင်မေ့ကို သမီးတစ်ယောက်လို ဆက်ဆံ၏။

"ငါ့မှာလဲ သမီးနှစ်ယောက်ရှိတယ်။ သူတို့က စာတတ်တယ်၊ ကျောင်းထားတယ်။ စာတတ်ရင်၊ ပညာတတ်ရင် သမီးလို ကျွန် မလုပ်ရတော့ဘူး"

ထိုသို့ပြောတော့ ခင်မေ စိတ်မကောင်းဖြစ်ခဲ့ရသေးသည်။ ခင်မေသည် အပြန်ပြန်အလှန်လှန်တွေးတောပြီးသည့်နောက် ဆုံးဖြတ်ချက်လုံးလုံးချလိုက်ချေ၏။ ဦးမောင်ကလေးတစ်ယောက် ရှုံးသွားချိန်ဆိုတော့ ပြောဖို့သင့်ပြီ။

(၃)

"ကျုပ်ကို သူ့ယောက်ျားကြီးက အကြိမ်ကြိမ်ကျူးလွန်ခဲ့တဲ့အတွက် ကိုယ်ဝန်ရှိနေတာကို ဖွင့်ပြောပစ်လိုက်တယ်။ ဒီတော့ ဒေါ်ဖြူဖြူဝင်းက နင်နဲ့ ငါ့ယောက်ျား တန်သလား တောသူမ။ ငါ့ယောက်ျားလို လူကြီးလူကောင်းကို စော်ကားတယ်ဆိုပြီး ကျုပ်ရဲ့ပါးကို ဘယ်ပြန်ညာပြန်ရိုက်တယ်။ ဆံပင်ကိုဆွဲပြီး ဝမ်းဗိုက်ကို ခြေထောက်နဲ့ လေး၊ ငါးချက် ဆောင့်ဆောင့်ကန်တယ်။ ကျုပ်ပက်လက်လန်လဲကျတော့ ဗိုက်ပေါ်ကိုတက်ပြီးခုန်တယ်။ ကျုပ် နာလွန်းလို့ တအားအော်တယ်။ ကားသမားကြီး ဦးဟူစိန်ကို ကျုပ်နဲ့ပေးစားပြီးဆဲတယ်။ အဲဒီနောက်တော့ ကျုပ်မေ့သွားလို့ ဘာမှ မသိတော့ဘူး။ ဘယ်လောက်ကြာတယ်တော့မသိဘူး။ ကျုပ် ပြန်သတိရတော့ ကောင်မ၊ သူခိုးမ၊ နင့်ကို ခိုးမှုနဲ့ ပုလိပ်ဌာနမှာ အမှုဖွင့်မယ် သူခိုးမ၊ ငါ့ စိန်လက်ကောက်ကို ခိုးတယ်လို့ စွပ်စွဲပြီး ကျုပ်ဆံပင်ကိုဆွဲပြီး ပါးကို တဖြန်းဖြန်းနဲ့ အဆက်မပြတ်ရိုက်ပါတယ်"

"နောက်တော့ ဘာဆက်ဖြစ်သလဲ ဖေဖေ"

ဖေဖေ ဦးဖေခင်က ခဏနားလိုက်ပြီးမှ ဆက်ပြောခဲ့သည်။ ခင်မေ ဘာဆက်ပြောသလဲဆိုတော့-

စာမျက်နှာ ၂၇ သို့ ➤

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၈၉၀ စိုက်ပျိုးရန်လျာထား


ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၈၉၀ စိုက်ပျိုးရန်လျာထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ လေရှီးမြို့နယ်တွင် ဖူးစားပြောင်း ၉၃ ဧက၊ လဟယ်မြို့နယ်တွင် ဖူးစားပြောင်း ၂၁၅ ဧက၊ ထန်ပါခွေမြို့တွင် ဖူးစားပြောင်း ၄၆ ဧက၊ နန်းယွန်းမြို့နယ်တွင် ဖူးစားပြောင်း ၂၀၅ ဧက၊ ဒုံဟီးမြို့နယ်တွင် ဖူးစားပြောင်းဧက ၁၁၀၊ ပန်ဆောင်မြို့နယ်တွင် ဖူးစားပြောင်း ၂၂၁ ဧကတို့ စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဖူးစားပြောင်းသီးနှံဧက ၈၀၀ ကျော်စိုက်ဖို့လျာထားတယ်။ တစ်နှစ်ထက်တစ်နှစ် ပြောင်းသီးနှံတွေ တိုးချဲ့လာကြပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်နေတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ပြောင်းသီးနှံစိုက်ပျိုးမည့်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ် ပိုးနှင်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မြို့သစ်မြို့နယ် ရုံးတိုင်မြှောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြို့သစ် နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရုံးတိုင်မြှောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ရုံးတိုင်မြှောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၃၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများမှ အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



# ဆောင်းအလှနဲ့ မြန်မာ့နယ်

\- မြူငွေရောင် ပါးကွက်ကျားနဲ့
နံနက်တံခါး တွန်းဖွင့်ဝင်၊
ဆောင်းပျိုမယ် ဟန်အလှနဲ့
စပါးလယ် ကြွယ်သမျှက
ဆံစတွေသွင်၊
မြောက်လေအေးအဝင်
ယဉ်ပါတဲ့ ဆောင်းအလှ၊
နေခြည်ချို ခင်းအပြုမှာတော့
နှင်းဥငယ် သွားထပ်မှုန်း
သူပြုံးလို့ပြ။

\- သူ့ရင်ခွင် ခိုဝင်ရတော့
ရွှင်လှတဲ့ ကျေးငှက်သံ၊
ဆောင်းလှပုံ စာဖွဲ့ပြောသလို
တောတောင်လုံးညံ၊
တောင်သူတို့ လုပ်အားမာန်
စပါးနှံ ရွှေရည်သွေး၊
လယ်တစ်ခွင် တောင်သူ့အလှတွေနဲ့
အားရဖွယ်လေး။

\- ဆောင်းကဗျာ နှင်းနှံ့မွှေးပါလို့
ဆောင်းသွေးက အေးမြဟန်၊
တို့မြန်ပြည် ဆောင်းသိမ်းစလို့
ငြိမ်းလှဖို့ကြံ၊
ဆောင်းအလှ လှစေရန်
ဘဝတွေနှံ့လို့ ပျိုးထောင်ကြ၊
ပြည်တစ်ဝန်း ညီညီညာနဲ့
ပြည်မြန်မာ အေးချမ်းမှုမှာ
တောင်သူ့လယ် ရွှေရည်သွေးသလို
အို. . .
တွေးပျော်ချင်လှ။ ။

**လွမ်းလေးကို(သရက်)**

# မင်းဘူးမြို့နယ် ရေပေါ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပေါ်ကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဖြေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှမျိုးသူက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ရေပေါ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၂ ဦးကို ရန်ပုံငွေကျပ် ၂၂ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ရန်ပုံငွေ ၁၁ ဒသမ ၂ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၈ ဦးကို ရန်ပုံငွေကျပ် ၃၃ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဓင်မာ**

➤ စာမျက်နှာ ၂၆မှအဆက်

"နားတွေအူကုန်တယ်။ ကျုပ်ပါးစပ်က သွေးတွေကျလာတယ်။ အနားမှာလဲ ဘယ်သူမှမရှိဘူး။ ကားမောင်းတဲ့ဦးလေးလဲမရှိတော့ဘူး။ ကျုပ်နဲ့ ဒေါ်ဖြူဖြူဝင်းနှစ်ယောက်တည်းပဲရှိနေတယ်။ အဲဒီအချိန်မှာ ဖေဖေပြောထား၊ မှာထားတဲ့စကားသံ နားထဲကြားလာရတယ်။ 'မတရားတာ ဘာတစ်ခုမှမလုပ်နဲ့ ငါ့သားသမီးတို့၊ အေး မတရားရင်လဲပဲ မခံနဲ့'ဆိုတဲ့ ဖေဖေ ဦးချစ်ပိုရဲ့စကားသံ နားနားကပ်ပြောနေသလို ကြားယောင်လာတာနဲ့တစ်ပြိုင်နက် ကျုပ်အမြဲဆောင်ထားတဲ့ ဟောဒီဓားရှည်နဲ့ ဒေါ်ဖြူဖြူဝင်းကို ခုတ်ပိုင်းလိုက်တာပဲ။ ခေါင်းကိုတစ်ချက်ခုတ်မိတယ်။ လက်နဲ့ကာတယ်။ လက်ခုတ်ပစ်လိုက်တယ်။ နောက်ဆုံးအချက်က လည်ပင်းဆီကို ဓားလွှယ်ခုတ် ခုတ်ပိုင်းလိုက်ရာမှာ ဒေါ်ဖြူဖြူဝင်းရဲ့ ကိုယ်ခန္ဓာနဲ့ခေါင်း တခြားစီဖြစ်သွားရတော့တာပါပဲ။ ကဲ. . . ဒါပဲ ကျုပ် လူသတ်ပြီးပြီ။ ကျုပ်ကို စက်တိုင်ကိုပို့ပေတော့ ရာဇဝတ်အုပ်မင်းတဲ့"

(၄)

"ဖေဖေ ခင်မေ ထောင် ဘယ်နနှစ်ကျသွားလဲဟင်"

"တော်တော်စိတ်ထိခိုက်စရာ၊ သင်ခန်းစာယူစရာကောင်းလှတဲ့ လူသတ်မှုပဲကွာ။ ဖေဖေ ဒီအမှုကိုစစ်ရတာ စိတ်အထိခိုက်ဆုံးပဲ။ ခင်မေက အားလုံးကို ဝန်ခံတဲ့အတွက် အထူးစစ်ဆေးစရာမလိုပါဘူး။ လွယ်မှလွယ်။ အဲ. . . ဟိုကောင်ကြီးကတော့ သူနဲ့မဟုတ်ပါဘူးလို့ ဘူးကွယ်ခဲ့တယ်ကွ။ သစ်တောအရေးပိုင်မို့လို့ အရာရှိပုလိပ်မင်းကြီး၊ ခရိုင်တရားသူကြီးတို့က သစ်တောအရေးပိုင်ဘက်က ဖေးဖေးမမလုပ်ပေးကြတယ်။ အဲ. . . သတင်းစာတွေက ခင်မေ့ဘက်ကရပ်ပြီး သစ်တောအရေးပိုင်လူယုတ်မာကြီးလို့ရေးကြတယ်။ ရွှေဘိုက သခင်တွေကလဲ ခင်မေ့ဘက်က ရပ်တည်ကြတယ်။ တရားသူကြီးကို ဓားနဲ့ခုတ်သတ်ပစ်ဖို့ ခင်မေ့အမျိုး ဒီပဲယင်းဘက်က လူစုစီစဉ်ခဲ့ကြသေးတယ်။ နောက်တော့ မလုပ်ဖြစ်ဘူး။ ဒီပဲယင်းပုလိပ်အဖွဲ့ထိန်းလိုက်နိုင်တယ်။ ခင်မေလေး ထောင်တစ်သက်ကျရှာတယ်။ ခင်မေ မန္တလေးထောင်မှာ ကလေးမမွေးနိုင်လို့ သေသွားတယ်ကွယ်"

အားလုံးတိတ်ဆိတ်သွားကြသည်။

"ကလေးကော ဖေဖေ"

အစ်ကိုတင်အောင်ကမေးတော့-

"ကလေးက အသေလေးပါ"

"ဟိုလူယုတ်မာ သစ်တောအရေးပိုင်ကြီးက ဘာဖြစ်သွားသေးလဲဟင်"

"အဲဒီနှစ်ထဲမှာပဲ ရန်ကုန်ကိုပြောင်းပြေးတယ်။ ရန်ကုန်ရောက်ပြီး စိတ်ကျန်းမာရေးဆေးရုံကို ပို့လိုက်ရတယ်လို့ သိရတယ်။ သူ့ကလေးတွေလဲ ကိုးရိုးကားရားဘဝရောက်ကုန်တာပေါ့။ ခင်မေ့ဘဝ၊ ဦးမောင်ကလေးဘဝ၊ ဒေါ်ဖြူဖြူဝင်းဘဝ၊ ကောလိပ်ကျောင်းတတ်နေတဲ့ ကလေးနှစ်ယောက်ရဲ့ဘဝ၊ ဘဝတွေအားလုံး ပျက်စီးကုန်တော့တယ်ကွာ။ ဦးမောင်ကလေးသာ စိတ်ရိုင်းကို နိုင်အောင်ထိန်းနိုင်ခဲ့ရင် ကိုယ့်အရိပ်ကို လာရောက်ခိုနေရတဲ့ တောကသမီးပျိုလေးကို ကိုယ့်သမီးလိုသဘောထား စောင့်ရှောက်ရင် သူတို့ဘဝ ဒီလိုဖြစ်မှာမဟုတ်ဘူး။ တကယ်တော့ ကံကြမ္မာရိုင်းလေခြင်းပါပဲကွယ်။ ကဲ. . . ကဲ ဒီညတော့ ခင်မေထောင်ကျ သွားပြီ ရာဇဝတ်မှုကို နိဂုံးချုပ်စို့"

# တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အာဆင်နယ်၊ လိုင်လီ၊ ဗီလာရီးရဲလ်အသင်းတို့ကို အားပေးရမှာပါ

ML




တနင်္ဂနွေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေမှာလဲ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေကို ဆက်လက်အားပေးရအုံးမှာဖြစ်ပါတယ်။ လက်ရှိမှာ အမှတ်ပေးပြိုင်ပွဲတွေဟာ ပွဲစဉ် (၁၂) ကျော်လာတာကြောင့် ကစားသမားတွေရဲ့စွမ်းဆောင်ရည်နဲ့ ကလပ်အသင်းအများစုရဲ့ကစားကွက်အခင်းအကျင်းတွေဟာလဲ တည်ငြိမ်မှုရှိလာတာကို တွေ့ရမှာပါ။ လာမဲ့ပွဲစဉ်မှာလဲ အသင်းကြီးတွေ့ဆုံမှုတွေကို အဓိကထား ရွေးချယ်သွားမှာဖြစ်ပေမဲ့ အရန်ကစားသမားအင်အားတောင့်တင်းပြီး လတ်တလော တိုက်စစ်ပိုင်းထက်မြက်နေတဲ့အသင်းတွေကိုပဲ အားပေးသွားရမှာပါ။

### အာဆင်နယ်ကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ချဲလ်ဆီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ချဲလ်ဆီးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ နိုင်ပွဲရခဲ့တယ်ဆိုပေမဲ့ ဒိုင်ဇာဂရက်ကို ဦးဆောင်ဂိုးပေးလိုက်ရပြီးမှ နှစ်ဂိုးတစ်ဂိုးနဲ့ ပြန်လည်အနိုင်ရခဲ့တာဖြစ်ပါတယ်။ နည်းပြသစ်ဂရာဟမ်ပေါ်တာအနေနဲ့ ၃-၄-၂-၁ ကစားကွက်နဲ့ ပွဲထွက်နေပေမဲ့ ကွင်းလယ်ကစားအား ကျဆင်းနေတာကြောင့် ပြိုင်ပွဲစုံငါးပွဲဆက်မှာ နိုင်ပွဲနှစ်ပွဲသာရရှိခဲ့ပြီး တိုက်စစ်ပိုင်း သွင်းဂိုး ခြောက်ဂိုးပဲ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ အသင်းရဲ့အဓိက ကစားသမားတွေဖြစ်တဲ့ ကိုဗာဆစ်၊ ကန့်တီ၊ ချီဝဲလ်၊ ဖိုဖန်နာ၊ ရီစီဂျိမ်း၊ ဂိုးသမားကီပါတို့ ဒဏ်ရာရနေတာကလဲ နည်းပြသစ်အတွက် ဖိအားတစ်ခုဖြစ်နေပါတယ်။ နည်းပြ ဂရာဟမ်ပေါ်တာဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ နိုင်ပွဲဆက်နေပေမဲ့ ပရီးမီးယားလိဂ်မှာတော့ နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲမရသေးတာကို သတိပြုရမှာပါ။

အာဆင်နယ်အသင်းဟာ ပရီးမီးယားလိဂ် ၁၂ ပွဲကစားအပြီးမှာ ၁၀ ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ရမှတ် ၃၁ မှတ်နဲ့ ဇယားထိပ်မှာ ဦးဆောင်နေတာကို တွေ့ရမှာပါ။ နည်းပြ အာတီတာရဲ့ ၄-၂-၃-၁ ကစားကွက်အောက်မှာတော့ တိုက်စစ်မှူး ဂျီဆပ်စ်က သွင်းဂိုးငါးဂိုးနဲ့ ဂိုးဖန်တီးမှုငါးကြိမ်ထိပြုလုပ် ခြေစွမ်းပြနိုင်ခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ လူငယ်ကစားသမားတွေနဲ့ပဲ စုဖွဲ့ထားတာကြောင့် လျင်မြန်မှုနဲ့ အသင်းလိုက်ကစားအားကတော့ ခံစစ်ပိုင်းအားနည်းတဲ့အသင်းတွေအတွက် အခက်တွေ့စေတာဖြစ်ပါတယ်။ အာဆင်နယ်အသင်းရဲ့ ကစားကွက်ဟာ တောင်ပံကစားသမားတွေဆီကနေ တိုက်စစ်လမ်းကြောင်းစတင်ပြီး ကွင်းလယ်နဲ့ အထောင်တိုက်စစ်မှူးတွေက အနိုင်ဂိုးတွေ သွင်းယူနေတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ နောက်တန်းတောင်ပံကစားသမားတွေနဲ့ ကွင်းလယ်ကစားသမားတွေ ဒဏ်ရာပြဿနာရှိနေတဲ့ ချဲလ်ဆီးအသင်းအတွက် အာဆင်နယ်တိုက်စစ်လမ်းကြောင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ဒါကြောင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ဖို့ နိုင်ပွဲရှာဖွေလာမဲ့ အာဆင်နယ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

### ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၀ | - | ၀ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၁ | - | ၁ | မန်ယူ |
| ဆဲလ်ဘတ် | ၁ | - | ၂ | ချဲလ်ဆီး |
| ဘရိုက်တန် | ၄ | - | ၁ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၂ | - | ၁ | ဒိုင်ဇာဂရက် |

### အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လိဒ် | ၀ | - | ၁ | အာဆင်နယ် |
| အာဆင်နယ် | ၁ | - | ၀ | ပီအက်ဗွီ |
| ဆောက်သမ်တန် | ၁ | - | ၁ | အာဆင်နယ် |
| ပီအက်ဗွီ | ၂ | - | ၀ | အာဆင်နယ် |
| အာဆင်နယ် | ၅ | - | ၀ | နော့တင်ဟမ် |

### လိုင်လီအသင်း ရလဒ်ကောင်းမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပြင်သစ်လီဂူးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လိုင်လီနဲ့ ရင်းနက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လိုင်လီဟာ ပြီးခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာ လိုင်ယွန်ကို ကျဉ်းမြောင်းတဲ့ရလဒ်နဲ့ ရှုံးနိမ့်ခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရဖို့ကြိုးစားရမှာပါ။ လိုင်လီအသင်းဟာ အခုရာသီ အမှတ်ပေးပွဲ ၁၃ ပွဲအပြီးမှာ ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ငါးပွဲရှုံးရလဒ်ရရှိခဲ့ပြီး ရမှတ် ၂၂ မှတ်နဲ့ အဆင့်(၇) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ အိမ်ကွင်းခြောက်ပွဲကစားခဲ့ရာမှာ လေးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်နဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းတွေ ပိုင်ဆိုင်ထားတာကို သတိပြုရမှာပါ။ သူတို့အသင်းရှုံးနိမ့်ခဲ့တာကလဲ ပီအက်စ်ဂျီ၊ နိုက်တို့ကို ရာသီအစမှာ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ လက်ရှိနည်းပြ ဖွန်ဆီကာကတော့ ဂျွန်နသန်ဒေးဗစ်ကိုပဲ အထောင်တိုက်စစ်မှာထားပြီး ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်နေတာကို တွေ့ရမှာပါ။ တိုက်စစ်မှူး ဂျွန်နသန်ဒေးဗစ်ကတော့ အခုပြိုင်ပွဲမှာ သွင်းဂိုး ကိုးဂိုးနဲ့ ဂိုးဖန်တီးမှုသုံးကြိမ်ထိ ပြုလုပ်ခြေစွမ်းပြနိုင်ခဲ့သလို သူရရှိခဲ့တဲ့ သွင်းဂိုးတွေကလဲ အိမ်ကွင်းတွေမှာဖြစ်တာကိုတွေ့ရမှာပါ။ ဒါ့ပြင် သူတို့ နှစ်သင်းနောက်ဆုံးငါးကြိမ်တွေ့ဆုံမှုမှာလဲ လိုင်လီအသင်းက ရှုံးပွဲမရှိခဲ့ပါဘူး။

ရင်းနက်အသင်းကတော့ အခုရာသီမှာ ပုံစံကောင်းပြသနေတယ်ဆိုပေမဲ့ အရန်ကစားသမားအင်အား အားနည်းတဲ့ သူတို့အသင်းအတွက် ကြားရက်မှာ ချန်ပီယံလိဂ်ကစားထားရဖို့ ပွဲပန်းနေမှာသေချာပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာလဲ မက်သီတဲလ်၊ အက်ဂွါတို့လို ခြေစွမ်းပြသကစားသမားတွေကို လက်လွှတ်ခဲ့ပေမဲ့ တိုက်စစ်မှူး ဂိုအီရီကို ပြန်လည်ခေါ်ယူနိုင်ခဲ့တာကြောင့် ဂိုးသွင်းအားကောင်းနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ လီဂူးပွဲပြိုင်ပွဲ ၁၃ ပွဲအပြီးမှာ ရှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး အဆင့်(၃) မှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ လက်ရှိသူတို့အသင်းရဲ့ ခြေစွမ်းပြတိုက်စစ်မှူးကတော့ တာရီရာဖြစ်ပြီး သွင်းဂိုး ရှစ်ဂိုးထိသွင်းယူထားပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ ဂိုးရဖို့ ရုန်းကန်ခဲ့ရတာကို တွေ့ရမှာပါ။ သူတို့နှစ်သင်းဟာ ခြေရည်တူနှစ်သင်းဖြစ်သလို တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အသင်းတွေဖြစ်နေပေမဲ့လဲ အိမ်ကွင်းကစားပုံနဲ့ တိုက်စစ်ပိုင်းကတော့ လိုင်လီအသင်းက အသာရနေတာဖြစ်ပါတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့မှုမှာ အသာရထားတဲ့အပြင် အိမ်ကွင်းကစားပုံထက်မြက်တဲ့ လိုင်လီအသင်းပဲ ရလဒ်ကောင်းမှာပါ။

### လိုင်လီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လိုရီယန့် | ၂ | - | ၁ | လိုင်လီ |
| လိုင်လီ | ၁ | - | ၀ | လန်း |
| စထရာဘော့ | ၀ | - | ၃ | လိုင်လီ |
| လိုင်လီ | ၄ | - | ၃ | မိုနာကို |
| လိုင်ယွန် | ၁ | - | ၀ | လိုင်လီ |

### ရင်းနက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဒိုင်နမိုကိဗ် | ၀ | - | ၁ | ရင်းနက် |
| ရင်းနက် | ၃ | - | ၂ | လိုင်ယွန် |
| အန်ဂါ | ၁ | - | ၂ | ရင်းနက် |
| ဖီနာဘာချီ | ၃ | - | ၃ | ရင်းနက် |
| ရင်းနက် | ၃ | - | ၀ | မောင့်ပယ်လီယာ |

### ဗီလာရီးရဲလ်အသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဗီလာရီးရဲလ်နဲ့ မာယော့ကာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗီလာရီးရဲလ်အသင်းဟာ နည်းပြအမ်မရီကို လက်လွှတ်ခဲ့ပြီး နောက်ပိုင်း အမှတ်ပေးပွဲမှာ နိုင်ပွဲမရသေးတာကြောင့် နည်းပြသစ်အတွက် အခုပွဲစဉ်ဟာ မဖြစ်မနေ နိုင်ပွဲရှာရမှာဖြစ်ပါတယ်။ လက်ရှိနည်းပြသစ် ဆက်တီယန်ကတော့ ပထမဆုံးကိုင်တွယ်ခဲ့တဲ့ ယူရိုပါကွန်ဖရင့်လိဂ်မှာလဲ သရေရလဒ်ထွက်ပေါ်ခဲ့သလို နောက်ဆုံးအမှတ်ပေးပွဲစဉ်မှာ ဘီလ်ဘာအိုအသင်းကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၁၂ ပွဲအပြီးမှာ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ အဆင့်(၈) မှာ ရောက်ရှိနေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ အခုပြိုင်ပွဲရဲ့ အိမ်ကွင်းပွဲစဉ်လေးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်ပိုင်းက သွင်းဂိုး ကိုးဂိုးထိ သွင်းယူနိုင်ခဲ့တဲ့ ခြေစွမ်းက အားရစရာပါ။ ဒါ့ပြင် သူတို့အသင်းဟာ မာယော့ကာကို ဧည့်ခံကစားခဲ့တဲ့ နောက်ဆုံးလေးပွဲစလုံး ရှုံးပွဲမရှိခဲ့တာကိုလဲ တွေ့ရမှာပါ။

မာယော့ကာအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာတော့ ခံစစ်ပိုင်းက ပွဲတိုင်းပေးဂိုးရှိနေတာကို တွေ့ရမှာပါ။ လက်ရှိ အမှတ်ပေးပွဲ ၁၂ ပွဲမှာတော့ သုံးပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ကြောင့် အဆင့်(၁၂) မှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြဟာ ၅-၄-၁ ကစားကွက်နဲ့ ခံစစ်အသားပေးကစားတာကြောင့် တိုက်စစ်ပိုင်းထက်မြက်တဲ့အသင်းတွေနဲ့ဆို ပြစ်ဒဏ်ကျူးလွန်မှုတွေများနေပြီး ကစားသမားတွေ မကြာခဏ အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာလဲဖြစ်ပါတယ်။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့ အက်စ်ပန်ညိုနဲ့ပွဲစဉ်မှာလဲ ခံစစ်ကစားသမား မာဖီအို အနီကတ်နဲ့ ထုတ်ပယ်ခံရသလို နည်းပြ အက်ဂွီရီလဲ အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။ လာမဲ့ပွဲစဉ်မှာတော့ နည်းပြအက်ဂွီရီ အနီကတ်ကြောင့် ပွဲကြီးကြပ်ခွင့်ရရှိမှာမဟုတ်လို့ ဗီလာရီးရဲလ်အသင်းရဲ့တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ပါ့မလားဆိုတာ စဉ်းစားစရာပါ။ အခုပွဲစဉ်မှာ ဗီလာရီးရဲလ်အသင်းရဲ့ ကစားသမားစုဖွဲ့မှုနဲ့ အိမ်ကွင်းခြေစွမ်းပိုင်း ကောင်းမွန်မှုကြောင့် မာယော့ကာအသင်း နိုင်ပွဲရဖို့ထက် မရှုံးနိမ့်ရေးသာ ကစားသွားရမှာပါ။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ နိုင်ပွဲရှာရမဲ့ ဗီလာရီးရဲလ်ပဲအသင်းကိုပဲ အားပေးရမှာပါ။

### ဗီလာရီးရဲလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | ၂ | - | ၀ | အိုဆာဆူနာ |
| ဘာစီလိုနာ | ၃ | - | ၀ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၂ | - | ၁ | အယ်မာရီယာ |
| ဗီလာရီးရဲလ် | ၂ | - | ၂ | ဟာပိုးဘီယာရှီဗာ |
| ဘီလ်ဘာအို | ၁ | - | ၀ | ဗီလာရီးရဲလ် |

### မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အယ်ချီ | ၁ | - | ၁ | မာယော့ကာ |
| မာယော့ကာ | ၀ | - | ၁ | ဆီဗီလာ |
| ဆိုစီဒက် | ၁ | - | ၀ | မာယော့ကာ |
| ဗလင်စီယာ | ၁ | - | ၂ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၁ | အက်စ်ပန်ညို |

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# မြဝတီမြို့နယ် အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မြဝတီ နိုဝင်ဘာ ၄**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြဝတီမြို့နယ် အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၃ ရက်နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးကြည့်ရှုပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

အဆိုပါအပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စတုတ္ထနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် ၄၈ ဦးကို ငွေကျပ် ၃၉၅ သိန်း ထုတ်ချေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား ပေးထားကြောင်း သိရသည်။ **သူသူ**



ကာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

FDA အမှတ်-1907 PC 0040

DENTOMEC

သွားဆရာဝန်များ၏ထောက်ခံချက်ရရှိထားပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၆၈၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇








## အများသိစေရန်ကြေညာခြင်း

ဦးဘဂျမ်း ပိုင်ဆိုင်မြေ ဦးပိုင်(၂)ကွင်း အမှတ်(၁၀၅-၁၀၆)သည် ဒေါ်လှခင် (၉/မနတ(နိုင်)၀၃၄၀၃၈) (ဘ) ဦးဘိုကြီး၊ ဒေါ်လှတင် (၉/မနတ(နိုင်)၀၄၅၁၂၇) (ဘ) ဦးဘိုကြီး တို့ အမွေဆိုင်မြေများဖြစ်ပြီး ၎င်းမြေအား မည်သူ တစ်ဦးတစ်ယောက်ကိုမှ လွှဲပြောင်းထားခြင်း မရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသိပေးကြေညာသူ**

**ဒေါ်လှခင် (၉/မနတ(နိုင်)၀၃၄၀၃၈)**

**ဒေါ်လှတင် (၉/မနတ(နိုင်)၀၄၅၁၂၇)**

**ပျောက်ဆုံးကြောင်း**

မတ္တရာမြို့၊ ရတ္တနံ့စင်တောင်နေ အရှင်ဝရသာမိ (ဘ) ဦးစိုးမြင့်ထွန်း (၁၂/မဘနအ(သ)၀၀၁၀၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၈ ၂၀၃၀၅၈

**ပျောက်ဆုံးကြောင်း**

ပုသိမ်ကြီးမြို့နေ မနှင်းသီရိထက် (ဘ) ဦးထက်ကျော် (၉/ပသက(နိုင်) ၁၀၁၁၃၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ ၀၉-၂၅၆၁၁၅၂၄၃

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့နေ ရဲလွင် (ဘ) ဦးကျော် ရင် (၁၄/ပသန(နိုင်)၂၃၄၅၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၅၆၁၃၉၀၄


## ဝန်ထမ်းခေါ်ယူခြင်း

***MUZI Beauty Saloon***

- **Manager တရုတ်၊ဗမာစကားတတ် – ၁ ဦး (မ)**
- **Nail Art ကျွမ်းကျင် – ၂ ဦး (မ)**
- **Facials Cleaning – ၃ ဦး (မ)**
- **အသင်လက်ထောက် – ၅ ဦး (မ)**
- **နေစားငြိမ်း စီစဉ်ပေးသည်။**

**Ph; 09-43139924, 09-426960137**

## မြင်ဦးလွင်မြေကွက်ကျယ်အမြန်ရောင်းမည်

* မြင်ဦးလွင်၊ အောင်ချမ်းသာရွာလယ်ပဟိုချက်မ၊ ၅လမ်းနှင့် ၆လမ်းကြား။ ရွာလယ်မွှောစုံတောင်ဖက်၊ မန္တလေး-လားရှိုးလမ်းမကြီးမှ ဆယ်စက္ကန့် မျှသာဝင်ရ၊ မျက်နှာစာ နှစ်ဖက်ပွင့်၊ သံပန်းသံတံခါးဖြင့် အဆင့်မြင့် အုတ်တံတိုင်းကာရံပြီး၊ ရေမီးအစုံ၊ ရွာမြေစစ်စစ်။
* ပေ(၁၀၀×၁၀၀) ပတ်လည်၊ အမြန်ရောင်းမည်။ ဦးရာလူရမည်။
* ဖုန်းနံပါတ် ၀၉-၅၀၀၀၆၇၃၊ ၀၉-၅၀၁၅၆၄၇၊ ၀၉-၅၁၅၁၅၇၆ သို့ ဆက်သွယ်လိုက်ပါ။


**ပျောက်ဆုံးကြောင်း**

လပွတ္တာမြို့နေ ဦးမောင်မောင် (ဘ) ဦးငယ်လေး (၁၄/လပတ(နိုင်)၂၁၇၅၃၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ ၀၉-၄၀၁၇၂၀၂၄၂

**ပျောက်ဆုံးကြောင်း**

လပွတ္တာမြို့နယ်နေ ဦးဖိုးချို (ဘ) ဦးခင်မောင်ရွှေ (၁၄/လပတ(နိုင်)၂၅၁၂၈၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ ၀၉-၆၆၇၈၈၄၁၄၀

**ပျောက်ဆုံးကြောင်း**

ပန်းတနော်မြို့နယ်နေ ရွှေမီအောင် (ဘ) ဦးမျိုးအောင် (၁၄/ပတန(နိုင်)၂၉၇၈၁၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ ၀၉-၂၅၀၇၄၂၈၄၄

**ပျောက်ဆုံးကြောင်း**

ငပုတောမြို့နေ မေသဇင် (ဘ) ဦးဆန်းစိန် (၁၄/ပသန(နိုင်)၂၂၂၁၀၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၅၄၁၃၉၀၄

**ပျောက်ဆုံးကြောင်း**

ငပုတောမြို့နယ်နေ ပန်းအိဇင်(ဘ) ဦးဇော်မင်း (၁၄/ငပတ(နိုင်)၂၃၉၅၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၅၄၀၁၃၈၅

**ပျောက်ဆုံးကြောင်း**

ငပုတောမြို့နေ စောလွှယ်ဂေးမိုး (ဘ) စောအီထူး (၁၄/ငပတ(နိုင်)၂၃၅၀၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ ၀၉-၂၆၀၆၆၉၅၈၇

**ပျောက်ဆုံးကြောင်း**

စမ်းချောင်းမြို့နယ်နေ ကိုအောင်မင်းထွဋ် (ဘ) ဦးအောင်နိုင် (၁၂/စခန(နိုင်)၀၆၅၂၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၇၈၀၇၀၅၉

**မီး သတိပြု**

## ဦးထွန်းကြည်
## အသက်(၈၅)နှစ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အငြိမ်းစား)

ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်၊ အိုင်တလုပ်ရွာနေ (ဦးမြဂုံ+ဒေါ်မြရှင်)တို့၏သား ဦးဘိုးကြင်၊ ဒေါ်မယ်အုံတို့၏သားသမက်၊ မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ကွဲဆည်ကန် (၁)လမ်း၊ အိမ်အမှတ်(က-၁၂)နေ ဒေါ်ချိုချိုပြုံး၊ ဦးတင်မောင်ထွေး+ဒေါ်မြစန္ဒာ၊ ဦးဟန်မင်းလှိုင်+ဒေါ်လှသီတာ၊ ဦးမျိုးအောင်+ဒေါ်ဝင်းဝင်းမြတ်၊ ဒေါ်နီလာကြည်၊ ဒေါ်သူရိယထွန်း၊ ဦးတင်မောင်ဝင်း+ဒေါ်လဲ့လဲ့အေး၊ ဦးတင်မောင်ထွန်း တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး(၆)ယောက်၊ မြစ်(၁)ယောက်တို့၏ဘိုးဘိုး၊ (ဒေါ်လှကြိုင်)၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ

## ဦးထွန်းကြည်
## အသက်(၈၅)နှစ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အငြိမ်းစား)

သည် ၁၃၈၄-ခု၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက်၊ နံနက် (၈း၂၈)နာရီအချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်ပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို (၅-၁၁-၂၀၂၂)ရက်နေ့ မွန်းလွဲ(၁း၀၀)နာရီတွင် “တောင်အင်း၊ မြောက်အင်းသုသာန်”သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်အေးရွှေ
## အသက် (၈၄)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြား၊ အိမ်အမှတ် ဏ/၈/၁၀ (ခ)နေ (ဦးတင့်လွင်)+ဒေါ်နွယ်ဝါထွန်း တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်ဝင်းထွဋ်+မနွယ်ဦးကြည် ၏ ဘွားဘွားကြီး၊ (ဦးသောင်းထွန်း)၏ ချစ်လှစွာသောဇနီး

## ဒေါ်အေးရွှေ
## အသက် (၈၄)နှစ်

သည် ၄-၁၁-၂၀၂၂ ရက်နေ့ နံနက် (၁၁)နာရီအချိန်တွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၅-၁၁-၂၀၂၂ ရက်၊ စနေနေ့၊ မွန်းလွဲ (၁)နာရီတွင် အထက်ပါနေအိမ်မှ “အေးရိပ်ငြိမ်” သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ဂူသွင်းသွားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေဖို့အတွက် ဆက်လက်အလေးထားဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိခဲ့တာနဲ့အညီ ငြိမ်းချမ်းရေးကိုလက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုတွေဆောင်ရွက်လျက်ရှိပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေမှာဒေသနဲ့ တိုင်းပြည်အတွက် ကောင်းမွန်တဲ့ရလဒ်ကောင်းတွေရရှိခဲ့တဲ့အတွက် ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ပါဝင်လာပါက နိုင်ငံရဲ့အနာဂတ်နိုင်ငံရေးဟာ ပြည့်စုံကောင်းမွန်လာမှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ) ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

၁-၈-၂၀၂၂

# (၁၆)ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ



(၁၆)ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၂၂ ခုနှစ် (၁၆)ကြိမ်မြောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက် ယနေ့ညနေပိုင်း၌ ပြင်ဦးလွင်မြို့ ဓမ္မရတီကုန်းမြေပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး(ပြည်ချစ်ဘုရား)အနီးရှိ မီးပုံးပျံကွင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးပုံးပျံပညာရှင်များ၊ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ ခရီးသွားဧည့်သည်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၂၁ ကော်လံ ၁** ☆

## ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသူများအနေဖြင့် ချေးငွေကာလ သက်တမ်းနှစ်နှစ် စေ့ရောက်သည့် နေ့မှစ၍ နောက်ထပ်တစ်နှစ် ထပ်မံသက်တမ်း တိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက် (၃/၂၀၂၂)**
၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၄ ရက်

**ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသူများအနေဖြင့် ချေးငွေကာလ သက်တမ်းနှစ်နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်တစ်နှစ် ထပ်မံသက်တမ်းတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာခြင်း**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏တာဝန်များအနက် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် ထိခိုက်မှုအများဆုံးဖြစ်သည့် လုပ်ငန်းများကို ဦးစားပေးကဏ္ဍအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေ ကျပ်ဘီလီယံ ၂၀၀ မှ ကုမ္ပဏီ၊ လုပ်ငန်းစုစုပေါင်း ၅၉၉၀၊ ချေးငွေပမာဏ ငွေကျပ် ၁၅၈ ဒသမ ၄၄၃၈ ဘီလီယံကို

**စာမျက်နှာ ၂၀ ကော်လံ ၄** ■

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်ဝင်ခွင့် လျှောက်လွှာများခေါ်ယူ

စာမျက်နှာ - ၂၀